မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၀)

အရိယ သစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူ ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ ၁၉ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၌ တည်ထားကိုးကွယ်သည့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၂၂ ရက်)

ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေး အစွမ်းထက်တိုင်းရင်းဆေးဝါးများ ထုတ်လုပ်

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖြည့်ဆည်းပေးနေသည်။ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်၍ ဆေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုခြင်း၊ ပရဆေးဥယျာဉ်များ ထူထောင်ပြီး ပရဆေးပင်များ ထိန်းသိမ်းစိုက်ပျိုးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးသုတေသနဌာန(အထက်မြန်မာပြည်)ကို ပြင်ဦးလွင်မြို့နယ်တွင် ဖွင့်လှစ်ပြီး အဓိကရောဂါကြီး ခြောက်မျိုးဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်နှင့် ဝမ်းကိုက်ရောဂါများအတွက် အစွမ်းထက်သောဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နိုင်စေရန် ဆေးတက္ကသိုလ်များက အရည်အချင်းပြည့်ဝသည့် ဆရာဝန်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ကျယ်ဝန်းနက်ရှိုင်းပြီး သိမ်မွေ့နက်နဲလှသည့်အတွက် ရှိရင်းစွဲ အစွမ်းသတ္တိနှင့် ဂုဏ်ဒြပ်များ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

တိုင်းရင်းဆေးပညာသည် အခြေခံဆေးပညာရပ်အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးနည်းအသွယ်သွယ်တို့ဖြင့် ပြည့်စုံသည်။ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာက လက်ခံနိုင်သည့် သိပ္ပံနည်းကျ ဆေးပညာတစ်ရပ်ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ၊ ဆေးကျမ်းများ၊ ကုထုံးများကို စုစည်းလျက် ခေတ်မီနည်းပညာရပ်ဖြင့်ပေါင်းစပ်ပြီး အစွမ်းထက်မြက်သောဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း လှသီတာရတနာအိမ်ရာအခန်း(စီ-၁) နေ ဦးမြင့်ကြိုင်(ခရိုင်ဥပဒေအရာရှိ ရန်ကုန်မြောက်ပိုင်းခရိုင်)-ဒေါ်ခင်လှကြည် မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးသိန်းထွန်းနှင့် ဦးမောင်လိုင်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)** အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနေ ဒေါ်မြကြည်အား ရည်စူး၍ ဦးဗိုလ်သောင်းမိသားစုက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သိက္ခာထပ်၊ ရဟန်းခံရှင်ပြု အလှူမင်္ဂလာ

ရန်ကုန် ဧပြီ ၂၁

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဝေပုလအား အမှူးထား၍ ဦးသိန်းငွေ-ဒေါ်မို့မို့ခင်(ပြည့်ဆန်ရောင်းဝယ်ရေး)တို့က ဆရာတော် ဘဒ္ဒန္တဝေပုလအား သိက္ခာထပ်ပြီး ဒုလ္လဘရဟန်း ၁၁ပါး၊ သာမဏေ ၁၀၈ ပါးနှင့် သီလရှင် ၁၂ပါးတို့အား သာသနာ့ဘောင်သွတ်သွင်းချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က ဖျာပုံမြို့ ထန်းပင်ပရိယတ္တိ စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးများနှင့်တကွ ပင့်သံဃာတော်အပါး ၅၀၊ စာသင်သားအပါး ၂၅၀နှင့် စုစုပေါင်းသံဃာတော်အပါး ၄၅၀တို့အား ဆွမ်းဆန်စိမ်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြံန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသကြံန်
၅း၂၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြံန်
၆း၂၅	၁၄။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင် မြွေမင်းသမီးလေး** (အပိုင်း-၃)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဝန်ကြီးဦးသောင်း ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ လမ်းသစ်ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်းသစ် ဖောက်လုပ်သည့် လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးများသည် တောင်တက်လမ်း (၆)ထပ်ကွေ့ ဖောက်လုပ်ခြင်းနှင့် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရဲရွာလမ်းဆုံ၌ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးများအား လမ်းစခန်းရှင်းလင်းဆောင်၌ ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ကျောက်ဆည်-ရဲရွာလမ်းပိုင်းနှင့် ရေသရောက်-ကြက်သားဟင်း လမ်းသစ်ဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လုပ်ငန်းစီမံချက်များအတိုင်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်တော်လှူဒါန်းပွဲ ရေစက်ချမင်္ဂလာနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ မဟာသံတန်ဆောင်းဘုရားကြီး(၉၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော် သြဝါဒါစရိယ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ရန်ကုန်တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ် အမှူးရှိသော ပရိယတ်၊ ပဋိပတ် အားထုတ်လျက်ရှိကြသော သံဃာတော်အပါး ၂၉၀ ကျော်တို့အား ဆွမ်းဆန်တော် လှူဒါန်းပွဲ၊ ရေစက်ချမင်္ဂလာနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို အရှင်ဝိနယာလင်္ကာရ၊ အရှင်ဉာဏိန္ဒ၊ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရတို့က ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမှတ် ၂၂ ရန်ပြေ ၉ လမ်း ၃ ရပ်ကွက် သာကေတမြို့နယ်နေ ကိုမြတ်စိုး [M.S စတိုး၊ အပ်ချည်လုံး အမျိုးမျိုး ရောင်း ဝယ် ရေး သိမ်ကြီးဈေး(ဒီ)ရုံ] ခုနစ်နှစ်ပြည့်အား ရည်စူး၍ ဦးရွှေထွန်း-ဒေါ်ဖြူ သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်

ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ရန်ကုန်မှ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ မော်လမြိုင်၌ ဝေဒနာရှင်များအား အခမဲ့ကုသ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဦးကံညွန့်၊ ပါမောက္ခ ဒေါက်တာဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ မျက်စိအခမဲ့ ကွင်းဆင်းကုသခဲ့သည်။

ခွဲစိတ်ကုသ

အဆိုပါအဖွဲ့တွင် မျက်စိကုဆရာဝန်လေးဦးနှင့် သူနာပြုဆရာမ သုံးဦးပါဝင်ပြီး ယင်းအဖွဲ့သည် မော်လမြိုင်မြို့ တောင်ဝိုင်းအနာကြီးရောဂါကုဆေးရုံကြီးတွင် အနာကြီးရောဂါရှိ မျက်စိဝေဒနာရှင်များအပြင် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်တောရွာများမှ ဆင်းရဲနွမ်းပါးသည့် မျက်စိဝေဒနာရှင် ၆၀၈ ဦးတို့အား အခမဲ့ကြည့်ရှုပေးပြီး အတွင်းတိမ်ဝေဒနာရှင် ၁၂၃ ဦးနှင့် အသေးစားခွဲစိတ်ကုသသူ ၁၂ ဦးတို့ကိုလည်း အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။**(အောက်ပုံ)**

(၁၀)ကြိမ်

အဆိုပါအဖွဲ့တွင် အသုံးပြုသည့် အတွင်းတိမ်ခွဲစိတ်ရာတွင် အသုံးပြုသည့် မှန်ဘီလူးများအား အမေရိကန်ပြည်ထောင်စုရောက် အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးခင်မောင်ထူးမိသားစုက လှူဒါန်းပြီး ကျန်ဆေးဝါးများကို ရန်ကုန်မြို့ ဘောက်ထော်ရပ်မှ ဒေါက်တာဦးတင်ကြည်-ဒေါ်သန်းငွေမိသားစုမှ လှူဒါန်းခြင်းဖြစ်သည်။ ထိုသို့ မော်လမြိုင်မြို့ တောင်ဝိုင်းအနာကြီးရောဂါကုဆေးရုံသို့ ပါမောက္ခ ဒေါက်တာဦးကံညွန့် ခေါင်းဆောင်၍ မျက်စိအခမဲ့ခွဲစိတ်ပေးခြင်းကို ၁၉၉၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် (၁၀)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။ (က-ပ)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရားလက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ်ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ (၂၈)

မရမ်းကုန်း အောင်သိဒ္ဓိမိသားစု အလှူပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂၁

မရမ်းကုန်းမြို့နယ်အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိမိသားစုလုံးဆိုင်ရာ စုပေါင်းရဟန်းခံရှင်ပြုပွဲကို ၁၃၇၀ ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့က ကံသာဖေယျကျောင်းတိုက်အတွင်း၌ ကျင်းပရာ ရဟန်း ၂၁ ပါး၊ ရှင်သာမဏေ ၁၆ ပါးတို့အား မြင့်မြတ်သော သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း၊ နှစ်ဦးဆွမ်းကပ်ပူဇော်ခြင်း၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၅၀ တို့အား ပူဇော်ကန်တော့ခြင်း **(အောက်ပုံ)** သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်နှင့် ကမ္ဘောဇသီလရှင်စာသင်တိုက်တို့မှ သာသနာ့အာဇာနည်သီလရှင်အပါး ၁၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သုံးညအိပ်လေးရက်ခရီး ဘုရားဖူးပို့ဆောင်ပေးခြင်းများကို ဦးဝင်းမြင့်ထွန်း ဦးစီးသော အလှူပွဲဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့က ပြုလုပ်ခဲ့ကြောင်းသိရသည်။ (၁၁၁)

အထက(၂)ပုသိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၁

ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ယခင်နေရှင်နယ် အမျိုးသားအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မေ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ၏ အသက်၊ ဤကျောင်းတွင် လုပ်သက်အငြိမ်းစားယူစဉ် ရာထူး၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံဖြင့် အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

အလှူငွေထည့်ဝင်လိုသော ကျောင်းသားဟောင်းများအနေဖြင့် ဗိုလ်မှူးကြီးရွှေမျိုး (ငြိမ်း)-ဒေါ်မြင့်စိန်(ရန်ကုန်) ဖုန်း-၀၉-၈၀၃၄၄၂၀၊ ၀၁-၂၅၃၂၃၅၊ ဗိုလ်မှူးဟောင်း ရွှေ(ငြိမ်း)-ဒေါ်ဝင်းကြည်(ရန်ကုန်) ဖုန်း-၀၁-၅၅၆၉၉၈၊ ၀၁-၅၅၄၉၅၀၊ ဦးမြသန်း (ရန်ကုန်) ဖုန်း-၀၁-၅၄၂၃၃၁၊ ဦးလှမြိုင်(ဒု-ရဲမှူးကြီး၊ငြိမ်း) (ရန်ကုန်) ဖုန်း-၀၉-၅၁၈၇၇၃၆၊၀၁-၅၄၃၁၈၂၊ ဦးဝင်းအောင်-ဒေါ်ကြည်လေး(ရန်ကုန်) ဖုန်း-၀၁-၅၆၂၀၈၆၊ ၅၇၃၅၅၄၊ ဦးအောင်ခ ဥက္ကဋ္ဌ၊ နှင်းဝေလွင်၊ နောင်ရိုးဆေးရုံပိုင်သာ(ပုသိမ်) ဖုန်း-၀၄၂-၂၅၄၆၉၊ ၂၅၁၇၉၊ ဦးလှအောင် (ပုသိမ်) ဖုန်း-၀၄၂-၂၅၃၂၀၊ ဦးမန်းထွန်းတင်(ပုသိမ်) ဖုန်း-၀၉-၅၂၀၁၂၄၀၊ ဦးတင်ဝင်း အတွင်းရေးမှူး(ပုသိမ်) ဖုန်း-၀၉-၅၂၀၃၂၆၄၊ ၀၄၂-၂၅၅၉၉၊ ဒေါ်ခင်ဝင်း (ကထိက၊ ပုသိမ်တက္ကသိုလ်) ဖုန်း-၀၉-၅၂၀၀၂၃၆နှင့် ဦးချစ်ကိုကို (ပုသိမ်) ဖုန်း-၀၉-၅၂၀၁၁၁၉၊၀၉-၅၂၀၁၁၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မောင်တောမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အသက် ၈၀ အထက် အဘိုးအဘွားများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် ဦးဇော်ဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀-၀၆၈၂၀၊ဦးခင်လှ (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၉၃၃၅၂၊ ဦးအေးသိန်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁-၅၇၅၁၃၊ ဒေါ်ခင်စောဝေ(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁-၀၆၅၅၇တို့သို့ ဧပြီ ၂၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စိတ်ဝင်စားဖွယ် စက်ရုပ်သတင်းစုံလင်စွာဖြင့် ယခုအပတ် ရန်ကုန်တိုင်းမ် ဂျာနယ်ထွက်ရှိ

ရန်ကုန် ဧပြီ ၂၁

“ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် ပီပြင်စေရန် နိုင်ငံရေးပါတီများက အမျိုးသားနိုင်ငံရေးအမြင်များ မည်ကဲ့သို့ထားရှိမည်ဆိုသည့်အပေါ် နိုင်ငံရေးလေ့လာသူများ၏ သုံးသပ်ချက်များ” အထူးအလေးပေးတင်ဆက်ထားသော ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၄) အမှတ်(၁၅) ယခုအပတ်ထုတ်ဝေလိုက်သည်။

ရန်ကုန်သင်္ကြန်မှာ ကိုကြီးကျော် တောဂေါ်လီလုပ်၍ပျော်၊ ငွေနန်းသင်္ကြန် မန်းသင်္ကြန် တူးပို့တေးသံညံခဲ့ပြီ စသည့် ရန်ကုန်၊ မန္တလေးသင်္ကြန်မြင်ကွင်းများ၊ လူသားလား၊ ဂြိုဟ်သားလား ပုသိမ်မြို့နယ် သလပ်ခွာတိုက်နယ်ဆေးရုံ၌ မွေးဖွား၊ မိုးလေဝသ သတင်းများကို SMS ဖြင့် ဂျီအက်စ်အမ်ဖုန်းများတွင် ကြေညာပေးမည်၊ ကျောကော့အောင် ပူသည့်နွေ စံချိန်ကျိုးအောင် ပူဦးမှာလား၊ မြန်မာနှင့်လာအိုက ပုဂံနှင့်လန်ပရာဘမ်ကို မြို့တော်ညီအစ်မအဖြစ် သတ်မှတ်ခဲ့၊ မဟာမဲခေါင်ဒေသ သတင်းအချက်အလက်အမြန်ဆက်ကြောင်းစီမံကိန်း မြန်မာ-ထိုင်းဖိုက်ဘာဆက်ကြောင်း ဧပြီအတွင်း အပြီးသတ်ချိတ်ဆက်မည်၊ ပင်လယ်ဒီရေမှ လျှပ်စစ်ထုတ်ယူနိုင်မှု အကောင်းဆုံးမြို့တွင် ရန်ကုန်ပါဝင်၊ ပဲတန်ချိန်သုံးသိန်း အိန္ဒိယပို့မည်၊ မန္တလေးအက်ဖ်အမ်ကို Family Entertainment ရုပ်သံဖမ်းစက်ဖြင့်ဖမ်းယူနားဆင်နိုင်၊ ပြောရေးဆိုခွင့်ရုပ်ကွက်မှ **“ကောလာဟလ”** အကြောင်းစသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာ နောက်ဆုံး စက်ရုပ်သတင်းများကိုပါ ထည့်သွင်းဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားတွင် အမြန်ရထားစီမံကိန်းစတင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအား ကမ်းလှမ်းခဲ့၊ ကဗျာဆရာ ဘက်ဂျီမင်၏ အချစ်ကဗျာကြောင့် ထင်ပေါ်ကျော်ကြားသူ အမျိုးသမီးကြီးကွယ်လွန်၊ အိမ်သာပေါက်နှင့်ပြတင်းပေါက်မှားဝင်မိလို့ ငါးထပ်တိုက်ပေါ်ကပြုတ်ကျ၊ အာရှတိုက်သည် ကမ္ဘာပေါ်တွင် တုပ်ကွေးမျိုးသစ်အစပျိုးရာအရပ်ဖြစ်၊ အမေရိကန်ကယ်လီဖိုးနီးယားတွင် ငလျင်ကြီးလှုပ်နိုင်၊ သမီးဦးဆုံးပြီးနောက် သားရှစ်ဦးမိခင် သမီးတစ်ဦးထပ်လိုချင်၊ **“အငြိမ်းစားသူနာပြု အမျိုးသမီးကိုသတ်သည့် လူသတ်သမားတရားခံအား ဖော်ထုတ်လျက်ရှိ”** နိုင်ငံတကာမှုခင်းရေးရာ၊ **“ပြောရဦးမယ် သူတို့ကဒီလိုတဲ့”** နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseကမြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မြောင်းမြ မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ သက်ကြီးပူဇော်ပွဲနှင့်အတူ ဂုဏ်ထူးသုံးဘာသာနှင့် အထက်ရရှိခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအားဂုဏ်ပြုပွဲ၊ ပညာသင်ဆုထောက်ပံ့ချီးမြှင့်ပွဲကို ဧပြီ ၂၇ရက်(တနင်္ဂနွေနေ့)တွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းမွှာရုံ၌ နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ကျင်းပမည်ဖြစ်ရာ ပူဇော်ခံပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆုရသူများနှင့် ထောက်ပံ့ကြေးရသူများ ကိုယ်တိုင်တက်ရောက်ကြရန် နှိုးဆော်ထားပြီး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ အသင်းသားများ၊ မိဘများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

ဖွံ့ဖြိုးဆဲနိုင်ငံများအကျိုး ဖော်ဆောင်မည့် (၁၂)ကြိမ်မြောက် အန့်တက် ညီလာခံကျင်းပလျက်ရှိ

အက်ခရာ ဧပြီ ၂၁

တစ်ကမ္ဘာလုံးဖွံ့ဖြိုးမှု အရှိန်လျော့မည့်အလားအလာကြောင့် ရိုက်ခတ်လာမည့်အရှိန်ကို ကန့်သတ်ထိန်းချုပ်ရေး၊ တစ်ကမ္ဘာလုံးလွှမ်းခြုံစုစည်းလှုပ်ရှားမှုဖြစ်စဉ်၏ အကျိုးစီးပွားများ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးနှင့် ဆင်းရဲသားပြည်သူများ ရရှိခံစားစေရန် အာမခံရေးတို့သည် ဂါနာနိုင်ငံမြို့တော်အက်ခရာ၌ ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိကျင်းပသည့် (၁၂)ကြိမ်မြောက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး ညီလာခံ(အန့်တက်)၏ ရည်မှန်းချက်များတွင် ပါဝင်သည်။

(၁၂)ကြိမ်မြောက် အန့်တက်ညီလာခံ၏အာဘော်မှာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တစ်ကမ္ဘာလုံး လွှမ်းခြုံစုစည်းလှုပ်ရှားမှုဖြစ်စဉ်၏ အခွင့်အရေးများနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ရေးပင်ဖြစ်သည်။

၁၉၆၄ခုနှစ်က ဖွဲ့စည်းသည့်အန့်တက် ညီလာခံအဖွဲ့တွင် လောလောဆယ်အဖွဲ့ဝင် ၁၉၃နိုင်ငံရှိသည်။ ကမ္ဘာ့စီးပွားရေးနယ်ပယ်အတွင်းသို့ ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်ရေးကူညီရန် အန့်တက်ညီလာခံ အဖွဲ့တွင် တာဝန်ရှိသည်။ သို့မှသာ ၎င်းနိုင်ငံများအနေဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှ အမြန်ဆုံးအကျိုးခံစားရမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တက်ရောက်

ညီလာခံတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အန့်တက်အတွင်းရေးမှူးချုပ်စုပါချိုင်းတို့က မိန့်ခွန်းပြောကြားကြမည်ဖြစ်ပြီး ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ စသဖြင့် ထောင်ချီ တက်ရောက်ကြသည်။

ဘာဆာရာရှိ စစ်ဘက်နှင့်ရဲဘက် တပ်မှူးများ အီရတ်အစိုးရက ဘဂ္ဂဒက်သို့ပြန်လည်ခေါ်ယူ

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ စစ်ဘက်နှင့်ရဲဘက်များရှိ တပ်မှူးများအား အီရတ်အစိုးရက အစားထိုး တာဝန်ပေးလိုက်သည်။

လဲလှယ်

ဘာဆာရာမြို့ရှိ ရှီးယိုက်ပြည်သူ့စစ်များအား လက်နက်ဖြုတ်သိမ်းရေးကို ရည်ရွယ်သည့် ထိုးစစ်ဆင်ပြီးနောက် ရက်သတ္တအနည်းငယ်အကြာတွင် ထိုသို့တပ်မှူးများအား လဲလှယ်လိုက်ခြင်းဖြစ်သည်။

ကြေညာ

တပ်မှူးများဖြစ်ကြသော ဗိုလ်ချုပ်အဗ္ဗဒူဂျလီးခါလက်နှင့် ဗိုလ်ချုပ်ကြီးမိုဟန် ဖူရာဂျီတို့ကို ရာထူးမှဖယ်ရှားခြင်းမဟုတ် ဘဂ္ဂဒက်သို့ ပြန်ခေါ်ခြင်းသာဖြစ်ကြောင်း အီရတ်အစိုးရက ကြေညာသည်။

၎င်းတို့နှစ်ဦးမှာ လုပ်ကြံခံခဲ့ရခြင်းမှ အသက်မသေကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်မြောက်ပိုင်း၌ တောမီးလောင်ကျွမ်း

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အပူချိန်မြင့်မားပြီး လေပြင်းများ တိုက်ခိုက်မှုတို့ကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၂၁ရက်၌ ပြောကြားသည်။

မီးငြိမ်းသတ်

တောမီးများ ဆက်လက်လောင်ကျွမ်းရာဒေသများသို့ ဒေသခံပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၅၁၇၃ဦးတို့မှာ မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လမျက်နှာပြင်ပေါ်၌ အပင်များရှင်သန်နိုင်မှု လူသားများ နေထိုင်နိုင်ရန် လမ်းစတွေ့ရှိ

အီဆာ ဧပြီ ၂၁

လဗိမာန်မျက်နှာပြင်ပေါ်တွင် ပန်းပင်များ ရှင်သန်ပေါက်ရောက်နိုင်ပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ(အီဆာ)မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

မာရီဂိုးဟုအမည်ပေးထားသော ပန်းပင်များ**(အပေါ်ပုံ)**သည် လမျက်နှာပြင်ကဲ့သို့သော အလွန်မာကျောသည့် ကျောက်စိုင်ကျောက်သားများပေါ်တွင် အပင်အတွက် အစာရေစာမလိုအပ်ဘဲ ရှင်သန်ပေါက်ရောက်နိုင်ကြောင်း အီဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

လမျက်နှာပြင်ပေါ်တွင် အပင်အချို့ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ယင်းတွေ့ရှိချက်သည် လူသားများ လဗိမာန်၌ နေထိုင်ရန်ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

အထက်ပါတွေ့ရှိချက်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာ၌ ကျင်းပသော ဥရောပ ဘူမိသိပ္ပံသမဂ္ဂ (အီးဂျီယူ) အစည်းအဝေး၌ သိပ္ပံပညာရှင်များက တင်ပြခဲ့ကြသည်။

ယင်းအစည်းအဝေးသည် ဥရောပ၌ကျင်းပသည့် ကမ္ဘာမြေဆိုင်ရာ လေ့လာမှု၊ ရာသီဥတုနှင့် အာကာသ သိပ္ပံဆိုင်ရာများ ဆွေးနွေးသည့် အကြီးမားဆုံးသော အစည်းအဝေးဖြစ်သည်။

ကြေညာ

လပေါ်တွင် သစ်ပင်များ ရှင်သန်ကြီးထွား ပေါက်ရောက်နိုင်ခြင်းသည် သက်ရှိများမည်သို့မည်ပုံ အသက်ရှင်နေထိုင်ရန် နည်းလမ်းများကို လေ့လာနိုင်လိမ့်မည်ဖြစ်ကြောင်း နယ်သာလန်မှ ထိပ်တန်း သိပ္ပံပညာရှင် ဘားနတ်ဖိုးရင်းက ပြောကြားသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကာကွယ်

ဗီယက်နမ်နိုင်ငံ နရင်ဗန်ချန်မြို့ရှိ ကြက်ခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆူဒန်ငြိမ်းချမ်းရေး သဘောတူညီချက်အားလုံး အကောင်အထည်ဖော်ရန်အရေးကြီးကြောင်း တိုက်တွန်း

ကိုင်ရို ဧပြီ ၂၁

ဆူဒန်နိုင်ငံ၌ ငြိမ်းချမ်းလာစေရန် ငြိမ်းချမ်းရေးသဘောတူညီချက်အားလုံးကို အကောင်အထည်ဖော်ရန် အရေးကြီးသည်ဟု ဆူဒန်အစိုးရအဖွဲ့ရေးရာဝန်ကြီး ပဂန်အာမမ်က အလေးအနက်တိုက်တွန်းလိုက်ကြောင်း အီဂျစ်မီနာသတင်းဌာနက ဧပြီ ၁၉ ရက်တွင် ကြေညာသည်။

ဆူဒန် ပြည်သူ့ လွတ်မြောက်ရေး လှုပ်ရှားမှုပါတီ(အက်စ်ပီအယ်လ်အမ်)၏ အတွင်းရေးမှူးချုပ်လည်းဖြစ်သူ ပဂန်က ဆူဒန်၏ လက်ရှိဖြစ်ပေါ် ပြောင်းလဲမှုများကို ဆွေးနွေးသည့် ဧပြီ ၁၈ ရက်က အီဂျစ်၌ပြုလုပ်သော လူထုအစည်းအဝေးပွဲတွင် ပြောကြားသည်။

အခွင့်အလမ်း

ဆူဒန်ပြည်သူများသည် စစ်ပွဲနှင့်ပတ်သက်၍ ငြီးငွေ့နေပြီဖြစ်ကြောင်း၊ ဆူဒန်ပြည်သူများအနေဖြင့် မကြုံစဖူး ကြီးမားသည့် ငြိမ်းချမ်းရေး အခွင့်အလမ်းများကို လက်လွှတ်မခံသင့်ကြောင်း ၎င်းက ပြောဆိုသည်။

နည်းလမ်း

အခြားသူကို အသိအမှတ်ပြုခြင်းနှင့် မူမတူသူတို့ ယှဉ်တွဲနေထိုင်ခြင်းကို အသိအမှတ်ပြုခြင်းသည် ငြိမ်းချမ်းရေး ရရှိစေသည့် နည်းလမ်းများဖြစ်ကြောင်း ပဂန်အာမမ်က ပြောကြားသည်။

အခြေခံ

မိမိတို့ အစီအစဉ်သည် ပြန်လည်တည်ဆောက်ရေးနှင့်တကွ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ရှင်သန်ရေး၊ အာဏာနှင့်ဥစ္စာဓနကို ငြိမ်းချမ်းစွာ ခွဲဝေရေးနှင့် အလုံးစုံဖွံ့ဖြိုးတိုးတက်ရေး ဟူသော မူသုံးခုအပေါ် အခြေခံကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။

ယုံကြည်

လက်ရှိသဘောထားကွဲလွဲချက်များမှာ သဘာဝကျကြောင်း၊ ထိုသဘောထား ကွဲလွဲချက်များကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ **(အင်တာနက်)**

သူတို့အတွေးနှင့် အမြင်

* ***He who loves not his country, can love nothing.***
  မိမိတိုင်းပြည်ကို မချစ်သောသူသည် မည်သည့်အရာကိုမျှ ချစ်နိုင်လိမ့်မည်မဟုတ်ပါချေ။

  လော့ဒ်ဘိုင်ရွန်(ကဗျာဆရာ)

* ***Peace is always beautiful.***
  ငြိမ်းချမ်းမှုသည် အစဉ်ထာဝရ လှပနေသည်။

  ဂျက်ဖာဆန်(စာရေးဆရာ)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကျောခိုင်းထွက်ခွာ တိမ်းရှောင်ပါသော်လည်း....

ဂွါဒါလာဂျာရာမြို့သည် မက္ကဆီကိုနိုင်ငံ အနောက်ပိုင်း ဂျာလစ်စကိုပြည်နယ်၏ မြို့တော်ဖြစ်ပြီး ပြည်သူနှစ်သန်းကျော် နေထိုင်သည့် စည်ကားလှသောမြို့ကြီးတစ်မြို့ဖြစ်သည်။ အသက် ၂၁နှစ်အရွယ်ရှိ အမေရိကန်ရေတပ်မှ တပ်ကြပ်ဖြစ်သူ ဆီဇာလော်ရီယန်သည် ယင်းမြို့ဇာတိဖြစ်ပြီး လွန်ခဲ့သော ၁၉၉၈ ခုနှစ်ကတည်းက ရေတပ်တွင် တာဝန်ထမ်းဆောင်ရင်း မြို့မှ ထွက်ခွာခဲ့သည်မှာ ၁၀ နှစ်ကြာပြီဖြစ်သည်။ ယခုအခါ လော်ရီယန်သည် ဇာတိ မြို့သို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း လွတ်လွတ်လပ်လပ် ရဲရဲဝံ့ဝံ့ မနေထိုင်ရဲခဲ့ပေ။ ထိုသို့ မဝံ့မရဲဖြစ်ခဲ့ရခြင်းမှာ သူပြုခဲ့သော ပြစ်မှုအတွက် ကျခံရမည့် ရာဇဝတ်ဘေးကို ရှောင်ကွင်းထွက်ပြေးလာရသောကြောင့် ဖြစ်သည်။

ရှောင်တိမ်းလာ

လော်ရီယန်သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့က ရေတပ်မှ သူ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အမျိုးသမီးတပ်ကြပ် မာရီယာလော်ဟာသက်ချ်ကို ဒေါသအလျောက် ခြေလွန်လက်လွန်ဖြစ်ကာ သတ်မိခဲ့သည်။ ထို့ကြောင့် ထိုအမှုဖြင့်ပင် ထောင်ဒဏ်ကျခံရမည့်ဘေးကို စိုးရိမ် ကြောက်လန့်ကာ သူ၏ဇာတိမြို့ရှိရာ မက္ကဆီကိုနိုင်ငံသို့ ရှောင်တိမ်းလာခဲ့ခြင်းဖြစ်သည်။ သို့အတွက် သူငယ်စဉ်ကတည်းက နေထိုင်ခဲ့သည့် ပျော်ရွှင်စရာကောင်း

ဆီဇာလော်ရီယန်

မာရီယာလော်ဟာသက်ချ်

သောဇာတိမြို့ဖြစ်သော်လည်း သူ့အနေဖြင့် ပျော်ရွှင်မှုကို အပြည့်အဝ မခံစားနိုင်ပေ။ ထို့ကြောင့် သူနေထိုင်ရာ ဂျာလစ်စကိုပြည်နယ်နှင့် မနီးမဝေးတွင်ရှိသော နိုင်ငံ၏ အနောက်ဘက် ကမ်းရိုးတန်းပြည်နယ်ဖြစ်၍ တောင်ထူထပ်သော ဒေသဖြစ်သည့် မီရှိုအာကန် ပြည်နယ်ရှိ ထောပတ်သီး ဥယျာဉ်ခြံတွင် သွားရောက် ရှောင်တိမ်းနေခဲ့ရတော့သည်။

ကြီးလန့်စားစား

လော်ရီယန်သည် သူကျူးလွန်ခဲ့သောပြစ်မှုအတွက် ပြစ်ဒဏ်ခံရမည်ကို တွေးကြောက်ကာ ကြီးလန့်စားစားဖြစ်နေခဲ့ရသည်။ သူပုန်းအောင်းရာခြံအတွင်း အခန်းသုံးခန်းပါ သစ်အိမ်ကလေးတစ်လုံးကို တည်ဆောက်ကာနေထိုင်ခဲ့သည်။ သူနေထိုင်ရာ ဒေသအတွင်းရှိ ဆန်ဂျူအန်ဒီလာဗီနာမြို့တွင်းသွားရောက်ကာ အင်တာနက်ကဖီးများမှတစ်ဆင့် အမေရိကန်တွင် ကျန်ရစ်ခဲ့သည့် ခရစ္စတီနာကို အဆက်အသွယ် လုပ်ခဲ့သည်။ ထိုမှတစ်ဆင့် အမေရိကန်ရဲတပ်ဖွဲ့က လော်ရီယန်အား ခြေရာခံမိသွားကာ မက္ကဆီကို ရဲတပ်ဖွဲ့ကို အကြောင်းကြားလိုက်ရာမှ ၂၀၀၈ခုနှစ် ဧပြီ ၁၀ ရက်တွင် လော်ရီယန်သည် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သူသည် ရာဇဝတ်ဘေးကို သုံးလကျော်မျှ ထွက်ပြေး လွတ်မြောက်ခဲ့သော်လည်း နောက်ဆုံးတွင် ဥပဒေလက်အောက်မှ လွတ်မြောက်ခြင်းမရှိခဲ့ပေ။ မက္ကဆီကိုရဲတပ်ဖွဲ့သည် အမေရိကန်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သော်လည်း လော်ရီယန်အား သေဒဏ်ပေးမည်ဆိုပါက ပြန်မပို့ဟု ငြင်းဆန်ခဲ့သည့်အတွက် ထိုအချက်ကို အမေရိကန်အာဏာပိုင်တို့က လိုက်လျောခဲ့ရသည်။ လော်ရီယန်သည် သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် မည်မျှ ပေးဆပ်ရဦးမည် မသိချေ။

ယခုဖြစ်ရပ်တွင် စိတ်လိုက်မာန်ပါခဲ့မှုကြောင့် လူသတ်မှုဖြစ်ပွားခဲ့ရပြီး ယင်းအပြစ်ကို ရင်မဆိုင်ဘဲ ထွက်ပြေးတိမ်းရှောင်ခဲ့သည့်အတွက် ပြစ်ဒဏ်ပိုမိုကြီးလေးဖွယ်ရှိသည်။ လော်ရီယန်အဖို့ ဥပဒေစက်ကွင်းကို ကျောခိုင်းထွက်ခွာ တိမ်းရှောင်ခဲ့ပါသော်လည်း မလွတ်မြောက်နိုင်သောအဖြစ်ကို သင်ခန်းစာယူဖွယ် မှုခင်းဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် - ကိုးကားရေးဖွဲ့သည်

ဂရင်နေဒါနိုင်ငံ၏အလားအလာ

သတင်းအက်ဆေး

ဂရင်နေဒါနိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ ဂရင်နေဒါနိုင်ငံပိုင်ကျွန်းများသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်လာပြီဟူသော မဟုတ်မမှန်အကြောင်းပြချက်ဖြင့် ဩဇာတိက္ကမနှင့် ပြည့်စုံသည့် ဂရင်နေဒါခေါင်းဆောင် မောရစ်ဘစ်ရှော့အားရာထူးမှဖယ်ရှားသည့်အပြင် ကွပ်မျက်ပစ်သည်အထိ ဖြစ်ပွားခဲ့သည်။ ၁၉၈၃ခုနှစ်လက်ဝဲအစိုးရအကွဲအပြဲကြောင့် ဤနိုင်ငံသည် ကမ္ဘာ့မီဒီယာများ၏ အရေးတကြီး ခေါင်းကြီးမျက်နှာဖုံးသတင်းအဖြစ် နေရာယူခဲ့ဖူးသည်။

လွတ်လပ်ရေးရပြီးနောက် ထိုအချိန်အထိဤနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်း ရှိခဲ့သည့်အတွက် ထိုအကျည်းတန်သော ဖြစ်စဉ်ဖြစ်ရပ်မှာ ဂရင်နေဒါနိုင်ငံ၏ ဝိသေသလက္ခဏာဟုဆိုလျှင် မှားမည်မဟုတ်ပေ။

အမည်ပေး

ဤကျွန်းစုကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၈ခုနှစ်တွင်တွေ့ရှိပြီး ဂရင်နေဒါဟုအမည်ပေးလိုက်သည်။ မာတင်နစ်မှပြင်သစ်များ ၁၆၅၀ပြည့်နှစ်တွင် လာရောက်သိမ်းယူသည်။ ၁၇၈၃ခုနှစ်တွင် ဗာဆိုင်းစာချုပ်အရ ပြင်သစ်က ဂရင်နေဒါကို ဗြိတိသျှတို့လက်ထဲအပ်လိုက်ရသည်။ ဝါဂွမ်း၊ ကြံနှင့် ဆေးရွက်ကြီးစိုက်ပျိုးရေးအတွက် အာဖရိကကျွန်များကို ခေါ်ယူနေရာချသည်။ ၁၈၃၄ခုနှစ်ရောက်မှ ကျွန်စနစ်ဖျက်သိမ်းသည်။

၁၇၉၅ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးကို အားကျပြီး အာဖရိကစိုက်ပျိုးရေးသမားဂျူလီယင်ဖေဒွန်ဦးဆောင်ပြီး ဗြိတိသျှအုပ်ချုပ်ရေးကို တော်လှန်သည်။ မအောင်မြင်ချေ။ ၁၈၈၅-၁၉၅၈ ခုနှစ်များအတွင်း ဗြိတိသျှဝင်းဝပ်ကျွန်များ အုပ်ချုပ်မှုတွင် ဂရင်နေဒါကိုအုပ်ချုပ်ရေးဌာနချုပ်အဖြစ် အသုံးပြုသည်။ ၁၉၅၀ ပြည့်နှစ်တွင် အဲရစ်ဂိုင်ရီကဂရင်နေဒါ ယူနိုက်တက်လေဘာပါတီကို ထူထောင်သည်။ ၁၉၅၈-၆၂ခုနှစ်များအတွင်းတွင်ဂရင်နေဒါ သည် ဗြိတိသျှ ကမကထပြုသည့် အနောက်အိန္ဒိယဖက်ဒရေးရှင်း၏အစိတ်အပိုင်း ဖြစ်လာခဲ့သည်။

၁၉၇၄ခုနှစ်တွင် ဂရင်နေဒါနိုင်ငံ လွတ်လပ်ရေးရသည်။ အဲရစ်ဂိုင်ရီသည် ဤနိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၇၉ခုနှစ်တွင် မောရစ်ဘစ်ရှော့ ဦးဆောင်သည့်လက်ဝဲနယူးဂျူးဝဲလှုပ်ရှားမှုအဖွဲ့က အာဏာသိမ်းလိုက်သည်။

ပြန်လည်အသက်သွင်း

၁၉၈၃ခုနှစ်တွင် အမေရိကန်တပ်များ ဂရင်နေဒါနိုင်ငံကို ကျူးကျော်လာသည်ဟူသော မဟုတ်မမှန်သတင်းလွှင့်ပြီး ဗိုလ်ချုပ်ကြီးဩစတင်ဦးဆောင်သည် လက်ဝဲမဟာမိတ်ဟောင်းများက မောရစ်ဘစ်ရှော့အား ဖြုတ်ချအာဏာသိမ်းသည့်အပြင် ကွပ်မျက်ပစ်လိုက်သည်။ ထိုနေ့မှာပင် အမေရိကန်မရိန်းတပ်များဝင်လာပြီး အာဏာသိမ်းသူဗိုလ်ချုပ်ကြီးဩစတင်ကို ဖမ်းဆီးလိုက်သည်။ ယာယီအကြံပေးကောင်စီက ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံဥပဒေကို ပြန်လည်အသက်သွင်းသည်။

၁၉၈၄ခုနှစ် ရွေးကောက်ပွဲတွင် နယူးနေရှင်နယ်ပါတီ(အင်န်အင်န်ပီ)အနိုင်ရပြီး ဟားဘတ်အေဘလေ့ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၉ခုနှစ်တွင် ဟားဘတ်အေဘလေ့ကွယ်လွန် သဖြင့် ဘင်ဂျုံးကအစားထိုး တာဝန်ယူသည်။ ၁၉၉၁ခုနှစ်တွင် နေရှင်နယ်ဒီမိုကရက်တစ်ကွန်ဂရက်ပါတီ(အင်န်ဒီစီ)မှ နီကိုလပ်ဘရိတ်ဝိတ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၎င်းက ရာထူးမှနုတ်ထွက်သောအခါ ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလတွင် ဂျော့ဘရီဇန်ဝန်ကြီးချုပ်ဖြစ်လာသည်။

ဂရင်နေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇာတိပ္ပိုလ်သီးဒုတိယအများဆုံး ထွက်သည့် နိုင်ငံဖြစ်၏။ ထို့ပြင်ဇာတိပ္ပိုလ်ပွင့်၊ သစ်ကြံပိုးခေါက်၊ ချင်းစိမ်းနှင့် လေးညှင်းပွင့်များလည်း ထွက်ရှိသည့် နိုင်ငံဖြစ်၏။

တာဝန်ထမ်းဆောင်

၁၉၉၅ ခုနှစ် ဇွန်လရွေးကောက်ပွဲတွင် အင်န်အင်န်ပီပါတီအနိုင်ရပြီး ကိသ်မစ်ချယ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၉ခုနှစ်နှင့် ၂၀၀၃ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲများ၌အနိုင်ရကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ဂရင်နေဒါနိုင်ငံ၏နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘက်ပင်ဖြစ်သည်။ သူ့ကိုယ်စား ဆာဒင်နီယယ်ဝီလျံကို ဘုရင်ခံချုပ်အဖြစ် ခန့်ထားခဲ့သည်။

အားသွန်ကြိုးပမ်း

တတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်းတွင် ဆက်လက်တာဝန်ယူသည့် ကိသ်မစ်ချယ်က နိုင်ငံတစ်ဝန်း ပြည်သူပြည်သားများ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို အားသွန်ကြိုးပမ်းလျက်ရှိသည်။

ဂရင်နေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇာတိပ္ပိုလ်သီးဒုတိယအများဆုံးထွက်သည့် နိုင်ငံဖြစ်သည်။ ထို့ပြင်ဇာတိပ္ပိုလ်ပွင့်၊ သစ်ကြံပိုးခေါက်၊ ချင်းစိမ်းနှင့် လေးညှင်းပွင့်များလည်း ထွက်ရှိသည့် နိုင်ငံဖြစ်သည်။

အထောက်အကူပြု

နိုင်ငံတစ်ဝန်းလှပသော ရှုမျှော်ခင်းများ၊ မိုးသစ်တောများ၊ စမ်းချောင်းများ၊ ရေပူစမ်းများ၊ တောင်ပေါ်ရေကန် ရေအိုင်များ၊ ပူနွေးသောရာသီဥတုနှင့် သန့်ပြန့်သာမောဖွယ်ပင်လယ်ကမ်းခြေများက ခရီးသွားလုပ်ငန်းကို များစွာအထောက်အကူပြုသည်။ သို့သော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုမူ တစ်ဖက်မှသတိပြုရမည်ဖြစ်သည်။

ဤနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း တစ်ဟုန်ထိုးတိုးတက်လျက်ရှိသည်။ အလုပ်လက်မဲ့ပြဿနာကို ထိရောက်စွာတစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းများပြားလာ၍ အနာဂတ်တွင် အလားအလာကောင်းမည့် လက္ခဏာဖြစ်ပါကြောင်း။ ။

ကိုးကားအင်တာနက်

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၁-၄-၂၀၀၈

ပါလက်စတိုင်းသမ္မတ တူနီးရှားသို့ သွားရောက်လည်ပတ်

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်သည် တူနီးရှားသမ္မတ ဇင်အယ်ဘီဒင်ဘန်အလီ၏ ဖိတ်ကြားချက်အရ တူနီးရှားနိုင်ငံသို့ ဧပြီ ၂၀ရက်မှ စတင်ကာ လာရောက်လည်ပတ်ကြောင်း တူနီးရှားသတင်းဌာနက သတင်းထုတ်ပြန်သည်။ ယခုကဲ့သို့ ပါလက်စတိုင်းသမ္မတ လာရောက်လည်ပတ်ခြင်းသည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး ပန်ဒါမွေးမြူရေးစခန်း တရုတ်၌ စတင်တည်ဆောက်

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ်တွင် ရှားပါးတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးပွားမှုဖြစ်ပွားလာစေရန် ရည်ရွယ်၍ ကမ္ဘာ့အကြီးဆုံး ပန်ဒါမွေးမြူရေးစခန်းကို စတင်တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါပန်ဒါမွေးမြူရေးစခန်းမှာ အကျယ်အဝန်း စတုရန်းမီတာ ၁၉၄၀၀ရှိပြီး ပန်ဒါများအား သဘာဝအလျောက်သစ်တောများတွင် နေထိုင်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

နီပေါ၌ ဘတ်စ်ကား တိမ်းမှောက် ၂၅ဦးသေဆုံး

နီပေါနိုင်ငံအလယ်ပိုင်း အာရန်နီကိုအဝေးပြေးလမ်းမကြီးပေါ်၌ ဘတ်စ်ကားတစ်စီးတိမ်းမှောက်ခဲ့ရာ အနည်းဆုံး ၂၅ဦးသေဆုံးခဲ့ကြောင်း၊ ယင်းဘတ်စ်ကားတိမ်းမှောက်မှုမှာ ဧပြီ ၂၀ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အင်ဒိုနီ၌ ကားရောင်းအားမြင့်တက်

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမြင့်တက်လာမှုနှင့်အတူ ထရပ်ကားနှင့် ဘတ်စ်ကားများ ရောင်းချမှုမှာ ယမန်နှစ်ကထက် ၈၉ ဒသမ ၅ရာခိုင်နှုန်း မြင့်လာကြောင်း ဒေသတွင်း သတင်းစာများက ရေးသားဖော်ပြသည်။

ဘူလ်ဂေးရီးယား၌ ကားမှောက် ခုနစ်ဦးသေဆုံး

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ပလော့ဗ်ဒစ်၌ ဧပြီ ၂၁ရက်က ကားမှောက်မှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများတွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးနှစ်ဦးနှင့် ယောက်ျားလေးနှစ်ဦး၊ အမျိုးသားသုံးဦးတို့ ပါဝင်ကြောင်း၊ ကားမှောက်ရသည့် အကြောင်းအရင်းကို မသိရှိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘူရွန်ဒီ၌ တိုက်ပွဲဖြစ်ပွား သုံးရက်အတွင်း ၂၆ဦးသေဆုံးခဲ့

ဘူရွန်ဒီ၌ အစိုးရတပ်များနှင့် သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ သုံးရက်အတွင်း လူပေါင်း ၂၆ဦးသေဆုံးခဲ့ကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ဒေါင်းပြည်နယ်၌ နီယိုဂူရီအမည်ရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး လူဦးရေ ၂၇၄၀၀၀ခန့် မုန်တိုင်းဒဏ်ခံရကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လယ်ယာမြေဟက်တာ ၇၀၀၀ခန့် ပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုးယွမ်ငွေ ၉၆သန်း(အမေရိကန်ဒေါ်လာ ၁၄သန်း)ဖိုးရှိသည်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပူဖောင်း ၂၁၃လုံးကို နှာခေါင်းဖြင့်မှုတ်ပြသူ

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ အသက် ၁၃နှစ်ရှိ အင်ဒရူးဒါးလ်သည် ပူဖောင်း ၂၁၃လုံးကို နှာခေါင်းဖြင့် မှုတ်၍ ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးစားခဲ့သည်။ (ဝဲပုံ)

[၎င်းသည် ပူဖောင်း ၂၁၃လုံးကို တစ်မိနစ်လျှင် သုံးလုံးမှ လေးလုံး မှုတ်ပြနိုင်ခဲ့သည်ဟု ဆိုသည်။]

(အင်တာနက်ဓာတ်ပုံ)

ရေအောက်တွင် ရိုက်ကူးနိုင်သော ဒီဂျစ်တယ်ရုပ်မြင်ကင်မရာ

ဂျပန်နိုင်ငံ၏ အကြီးမားဆုံး အီလက်ထရွန်နစ်ကုမ္ပဏီဖြစ်သည့် ဆန်ညိုကုမ္ပဏီက ရေအနက် တစ်မီတာခွဲ၌ ရိုက်ကူးနိုင်သော DMX CA8 ဟု အမည်ပေးထားသည့် ဒီဂျစ်တယ်ကင်မရာကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ယင်းဒီဂျစ်တယ်ရုပ်မြင်ကင်မရာသည် ပင်လယ်ရေအောက်တွင် တစ်နာရီကြာအောင် ရိုက်ကူးနိုင်စွမ်းရှိသည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)

စစ်ပွဲကို အလွန်မုန်းတီးသူ ဂျွန်မက်ကိန်း အီရတ်ဆိုင်ရာ လက်ရှိစစ်ရေးမဟာဗျူဟာကို ထောက်ခံ

ဝါရှင်တန် ဧပြီ ၂၁

အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်များဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့်အိုဘားမားတို့မှာ ဧပြီ ၂၂ရက် အင်္ဂါနေ့က ပင်ဆယ်ဗေးနီးယားပြည်နယ်အကြိုရွေးကောက်ပွဲ၌ ထောက်ခံမှုပိုရရေးကို မျှော်မှန်းကာ စိတ်မောနေရချိန်တွင် ၎င်းတို့နှစ်ဦးအနက် အောင်နိုင်သူကို နိုဝင်ဘာသမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန်စောင့်ဆိုင်းနေသူမှာ ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းပင်ဖြစ်သည်။

နိုဝင်ဘာရွေးကောက်ပွဲ အနိုင်ရရေး စောင့်ဆိုင်းနေရသည်မှန်သော်လည်း ရတက်အေးလှသည်မဟုတ်။ ပြည်သူများကြားတွင် ဂျွန်မက်ကိန်းသည် စစ်မီးမွေးသူအဖြစ် ဝေဖန်နေမှုအပေါ်တွင် ဂျွန်မက်ကိန်းမှာ ရတက်မအေးနိုင်ပေ။

ထောက်ခံ

ဟီလာရီနှင့် အိုဘားမားတို့က အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရမည်ဟုပြောကြားစဉ် ဂျွန်မက်ကိန်းကအီရတ်စစ်ပွဲကိုထောက်ခံသည့်အပြင် မကြာမီက အီရတ်စစ်ရှိန်တိုးရေး အင်အားဖြည့်တင်းသည်ကိုပင် အားတက်သရောရှိပြီး အီရတ်၌ တပ်ဖွဲ့ဝင်များဆက်ထားရှိရမည်ဟုလည်း ယုံကြည်သူဖြစ်သည်။ ထို့ကြောင့်ပင် သူ့ကို စစ်မီးမွေးပေးသူ စစ်ဘီလူးဟု သမုတ်နေကြခြင်းလော မသိနိုင်ပေ။

ဖြန့်ကြက်

ထို့ကြောင့်ပင် ဂျွန်မက်ကိန်းကသူသည် စစ်ပွဲကို အလွန်ရွံ့မုန်းသူဖြစ်ကြောင်း အမေရိကန်ပြည်သူများအား ပြောကြားသည်။ အီရတ်၌ တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် အီရတ်သည် အရေးပါသည့် စစ်မြေပြင်ဖြစ်သည်။

အရေးကြီး

ထို့အပြင် အီရတ်၌ ဒီမိုကရေစီထွန်းကားလာရေးသည် အရှေ့အလယ်ပိုင်းအတွက် အရေးကြီးသည်ဟု သူခံယူသည်။

ပြောကြား

၎င်းသည် ရေရှည်တပ်စွဲထားရေးမှာ ဒုတိယ ကမ္ဘာစစ်အပြီး ဂျပန်နှင့်ကိုရီးယား၌ တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားသကဲ့သို့ ဥပမာပေး ပြောကြားသည်။

အခိုင်အမာ

ယင်းမှာ အီရတ်ဆိုင်ရာ လက်ရှိ အမေရိကန် စစ်ရေးမဟာဗျူဟာကို သူအခိုင်အမာထောက်ခံသည့်တိုင် သူသည်စစ်ပွဲကို လွန်စွာမုန်းတီးကြောင်း အမေရိကန်ပြည်သူများအား မက်ကိန်းက အခိုင်အမာ ပြောကြားခြင်းဖြစ်သည်။

စိတ်ထက်သန်မှုမရှိ

နိုဝင်ဘာ ရွေးကောက်ပွဲ၌ မက်ကိန်းသာအနိုင်ရလျှင် စစ်ပွဲအတွင်း စွန့်လွှတ်စွန့်စားရမှုကို ကောင်းစွာသဘောပေါက်သူအနေဖြင့် နောက်ပေါ်ပေါက်မည့် စစ်ပွဲများတွင် အမေရိကန်ပါဝင် ပတ်သက်ရန် သူ စိတ်ထက်သန်မှု မရှိကြောင်းကို ဗီယက်နမ်စစ်သုံ့ပန်းဘဝ ကျရောက်ခဲ့ရသည့် သူ၏ အတိတ်သမိုင်းက အခိုင်အမာ ပြသနေသည်ဟု ဂျွန်မက်ကိန်းနှင့် သူ့မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်များက ပြောကြားသည်။



ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း

ရှင်းလင်းပြောကြား

ဂျွန်မက်ကိန်းသည် စစ်ပွဲအကြောင်းကို နားလည်နေသောကျေသူ၊ တပ်မတော်သားတို့ဘဝကို သဘောပေါက်သူ၊ နိုင်ငံခြားရေး မူဝါဒနှင့် သံတမန် အတွေ့အကြုံရှိသူအဖြစ် မည်သူမဆို စစ်ပွဲကို အကောင်းဆုံး ရှောင်တိမ်းနိုင်မည်ဖြစ်ကြောင်း သူ့မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်များက ရှင်းလင်းပြောကြားသည်။ **(အင်တာနက်)**



ကုလလူ့အခွင့်အရေးဆိုင်ရာ ရုံးပိတ်ရန် အင်ဂိုလာ အာဏာပိုင်များက တိုက်တွန်း

ဂျီနီဗာ ဧပြီ ၂၁

ကုလသမဂ္ဂက အင်ဂိုလာနိုင်ငံရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ရုံးကိုလာမည့်ရက်သတ္တအနည်းငယ်အတွင်း ပိတ်မည်ဟု မျှော်လင့်ရသည်။

တိုက်တွန်း

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို မေ ၃၁ရက်တွင် အဆုံးသတ်ရန် သက်ဆိုင်ရာအာဏာပိုင်များက ကုလသမဂ္ဂအဖွဲ့ကြီးကို တိုက်တွန်းမေတ္တာရပ်ခံထားကြောင်း ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (အိုအိတ်ချ်စီအိတ်ချ်အာရ်)က ကြေညာသည်။

ဆွေးနွေး

လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရေးသဘောတူညီမှု ချမှတ်ရေး ဆွေးနွေးပွဲပျက်ပြားသွားပြီး ယင်းသို့အခြေအနေ ပေါ်ပေါက်လာရသည်။

ပြောကြား

အာဏာပိုင်များက ထိုသို့ဆုံးဖြတ်လိုက်ခြင်းအပေါ် ဝမ်းနည်းကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး လူစီအာဘာက ပြောကြားသည်။

အင်ဂိုလာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရင်ဆိုင်နေရသေးကြောင်း လူစီအာဘာက ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးကို အရှိန်မြှင့်တိုက်ခိုက်ရန် ဂါဇာမှဟားမတ်စ်အုပ်စု သန္နိဋ္ဌာန်ချမှတ်

ဂါဇာ ဧပြီ ၂၁

ဂါဇာကမ်းမြောင်ကို အစ္စရေးပိတ်ဆို့ထားမှု အဆုံးသတ်သွားစေသည့်တိုင်အောင် အစ္စလမ္မစ်ဟားမတ်စ်အုပ်စု၏ လက်နက်ကိုင်အဖွဲ့ အယ်ကက်ဆမ်ဘရီဂိတ်ကအစ္စရေးနိုင်ငံကို ပိုမိုတိုးမြှင့်တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောရေးဆိုခွင့်ရှိသူ အဘူအိုဘေဒါက ဧပြီ၂၀ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ခေရင်ရှလုန်ဖြတ်လမ်းကို ဧပြီ ၁၉ ရက်က တိုက်ခိုက်ခြင်းမှာ ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ ဆယ်လကျော်ကြာပိတ်ဆို့ထားမှုအဆုံးသတ်သွားစေရေးအတွက် အရှိန်မြှင့်တိုက်ခိုက်မှု၏ ပဏာမပင်ဖြစ်ကြောင်း အဘူအိုဘေဒါက ပြောကြားသည်။

ဧပြီ ၁၉ရက်က တိုက်ခိုက်မှုတွင် ဟားမတ်စ်စစ်သွေးကြွ သုံးဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင် ၁၃ဦး ဒဏ်ရာရရှိသွားသည်။

ပိတ်ဆို့

ဂါဇာကမ်းမြောင်ကို ဟားမတ်စ်အုပ်စုက လွှန်ခဲ့သည့် နွေရာသီတွင် သိမ်းပိုက်ကတည်းက အစ္စရေးနိုင်ငံက ဂါဇာကို တင်းကျပ်စွာ ပိတ်ဆို့ခဲ့သည်။

အမ်အင်န်အေဆင်ဟွာ

အနှစ်၁၀၀၀၀နီးပါးရှိသည့် ထင်းရှူးပင် ဆွီဒင်၌သိပ္ပံပညာရှင်များတွေ့ရှိ

ဒါလာနာ(ဆွီဒင်) ဧပြီ ၂၁

ဆွီဒင်နိုင်ငံ၌ နှစ်သက်တမ်း ၁၀၀၀၀ နီးပါးရှိသည့် ကမ္ဘာ့သက်တမ်းအရင့်ဆုံး ထင်းရှူးပင်ကို သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။ (ယာပုံ)

ဆွီဒင်နိုင်ငံ ယူမီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ၂၀၀၄ ခုနှစ်က သစ်ပင်မျိုးစိတ်များစာရင်းကောက်ယူခဲ့စဉ်အတွင်း ဒါလာနာပြည်နယ် ဖုလုတောင်ပေါ်တွင် အဆိုပါထင်းရှူးပင်ကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

ယူဆထား

ယင်းထင်းရှူးပင်၏ မျိုးဗီဇသက်တမ်းကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့ရှိ အပင်ဆိုင်ရာသုတေသနဓာတ်ခွဲခန်း၌ တွက်ချက်ခဲ့သည်။ သိပ္ပံပညာရှင်များသည် မြောက်အမေရိက၌တွေ့ရသော ထင်းရှူးပင်များသည် သက်တမ်းအနှစ်၄၀၀၀ခန့်သာရှိလိမ့်မည်ဟု ယူဆထားခဲ့ကြသည်။

မှတ်တမ်းဝင်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဖြူကုန်း၌ တွေ့ရသော မက်သရူးဆလက်ဟု အမည်ပေးထားသော ဘရစ္စတယ်ကွန်းထင်းရှူးပင်သည်နှစ်ပေါင်း ၄၇၆၈နှစ်ရှိပြီး ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းဝင် အပင်ဖြစ်သည်။

သို့သော်လည်း ဖုလုတောင်ပေါ်၌ ပေါက်ရောက်နေသောနှစ်သက်တမ်း ၈၀၀၀ ခန့်ရှိနိုင်သည့် ထင်းရှူးပင်အပင် ၂၀အနက်မှ တစ်ပင်သည် ကမ္ဘာ့သက်တမ်း အရင့်ဆုံး သစ်ပင်ဖြစ်လာကြောင်း၊ သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၅၅၀ရှိကြောင်း ယူမီယာ တက္ကသိုလ်မှ ပါမောက္ခ လိဖ်ကူမန်းကပြောကြားသည်။ (အင်တာနက်)

အီရတ်စစ်ဆင်ရေးများ မရပ်ဆိုင်းလျှင် စစ်မျက်နှာဖွင့်တိုက်မည်ဟု ဆာဒါးပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ် ရှီးယိုက်ဘာသာရေးခေါင်းဆောင် မော့တာဒါဆာဒါးက ၎င်းအားထောက်ခံသူများကို တိုက်ခိုက်မည့် စစ်ဆင် ရေးများ မရပ်ဆိုင်းလျှင် အီရတ်အစိုးရကို စစ်မျက်နှာဖွင့် တိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ပြောကြား

သူ့အနေဖြင့် အီရတ်အစိုးရကို နောက်ဆုံးသတိပေးထားကြောင်း၊ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို လိုက်နာရန်လည်း တိုက်တွန်းထားကြောင်း မော့တာဒါဆာဒါးက ပြောကြားသည်။

အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် အီရတ်အစိုးရတပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော်နှင့် အီရတ်တောင်ပိုင်း၌ မော့တာဒါဆာဒါး၏ နောက်လိုက်များနှင့် ပဋိပက္ခများဖြစ်ပွားပြီးနောက် ၎င်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်အစိုးရအနေဖြင့် သတိပြန်ရလာပြီး ငြိမ်းချမ်းရေးလမ်းစဉ်လိုက်လျှင် လိုက် သို့မဟုတ်ပါက ဆက်ဒမ်ဟူစိန် အစိုးရအဖြစ်မျိုး ဆိုက်သွားနိုင်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ဓာတ်ငွေ့နှင့် လျှပ်စစ်လောင်စာနှစ်မျိုးသုံးကား ဂျီအမ်ကားကုမ္ပဏီက တရုတ်၌ ရောင်းချမည်

ပေကျင်း ဧပြီ ၂၁

ဂျင်နရယ်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် ပထမဆုံးသောဓာတ်ငွေ့နှင့် လျှပ်စစ်လောင်စာနှစ်မျိုးအသုံးပြု မောင်းနှင်နိုင်သောကားကို ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ၌ ဇူလိုင်လတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

အမျိုးအစား

ဗျူးအစ်လာခရော့ဆေးဟု အမည်ပေးထားသောအဆိုပါ မော်တော်ကားသည် တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်လာသည့် ဒုတိယမြောက် လောင်စာနှစ်မျိုးသုံး ကားအမျိုးအစား ဖြစ်သည်။

ခင်းကျင်းပြသ

တရုတ်ကားဈေးကွက်သို့ ဂျပန်မော်တော်ကားကုမ္ပဏီ တိုယိုတာက ၂၀၀၆ခုနှစ် အစောပိုင်းတွင် တင်ပို့ရောင်းချခဲ့သည်။ လာခရော့ဆေးကားကို ပေကျင်းမြို့ ကားပြပွဲ၌ ဧပြီ ၁၉ရက်က ခင်းကျင်းပြသခဲ့ကြောင်း ဂျီအမ်မော်တော်ကားကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ရောင်းချ

အဆိုပါမော်တော်ကားကို တိုယိုတာမှထုတ်လုပ်သော ပရီရုပ်ကားများနှင့်အပြိုင် ယွမ် ၃၀၀၀၀၀(အမေရိကန်ဒေါ်လာ ၄၃၀၀၀)ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ကုမ္ပဏီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ကားပြပွဲ၌ ဂျီအမ်ကားကုမ္ပဏီက ထုတ်လုပ်သည့် လောင်စာနှစ်မျိုးသုံး မော်တော်ကားကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	'ရာသီမသိ ပန်းနှင့်ညို' တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈း၁၀-၂း၁၀	ထေရဝါဒသာသနာ နေရောင် လပမာ ထွန်းလင်းမှာမလွဲ တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိပထမပြန်စာမေးပွဲ
၈း၁၅-၂း၁၅	Sunday Talk
၉း၁၅-၃း၁၅	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၃၅-၃း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀-၃း၅၀	ကြည်ညိုဖူးမြော်ဖွယ်ရာ စေတီတော် ထီးတော်တင် မင်္ဂလာ
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	Biz Net
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	ကော်ဇောမှာအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ဒါတို့ရွာ
၁၂း၂၀-၆း၂၀	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် ဟဲလေး)
၁၂း၄၅-၆း၄၅	ကျန်းမာရွှင်မြူး အစဉ်ရေကူး (မိုးသူအောင်၊ ခင်မို့မို့အေး၊ ပိုးဖြူသဲ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Liverpool-Chelsea	ESPN (Live)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၀၈ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အကပဒေသာ
၇း၅၅	၅။ ရှုဖွယ်စုံညီ မြန်မာပြည်
၈း၁၀	၆။ လက်ဆင့်ကမ်းပေး ဂီတတေး
၈း၃၀	၇။ International News
၈း၄၅	၈။ Let's Go
၉း၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၂၅	၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၄း၅၀	၃။ မံဆောင်းတံတား
၅း၀၀	၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၆။ ညနေခင်းသတင်း
၆း၃၀	၇။ မိုးလေဝသအခြေအနေ
၆း၃၅	၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်...ချစ်တယ်** (အပိုင်း-၁၅)
၇း၃၅	၁၀။ စိတ်အားထက်သန်ဆန္ဒအမှန်
၈း၀၀	၁၁။ ပြည်တွင်းသတင်း
	၁၂။ နိုင်ငံတကာသတင်းများ
	၁၃။ မိုးလေဝသအခြေအနေ
	၁၄။ သပြေကုန်းမှ ရွှေအပြုံးများ
	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၁၉)
	၁၆။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်များအစည်းအဝေးတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

မလေးရှားနိုင်ငံ Malacca မြို့၌ ဧပြီ ၂၁ရက်မှ ၂၅ရက်အထိ ကျင်းပမည့် 7th ASEAN Skills Competition အစည်းအဝေးနှင့် First Technical Committee Meeting တို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဦးကောင်းရင်၊ ဗဟိုအလုပ်အမှုဆောင် ဦးမိုးသော်နှင့် ဦးဝင်းကိုတို့သည် ယမန်နေ့နံနက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးရှိန်မင်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူး၍ Ranbaxy Co., Ltd. ၏ ကူညီမှုဖြင့် ကျင်းပမည့် Ranbaxy Junior Tennis Tournament ပြိုင်ပွဲကို ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးအစား

ပြိုင်ပွဲအမျိုးအစားများမှာ အသက်(၁၀)နှစ်အောက်၊ အသက်(၁၂)နှစ်အောက်၊ အသက်(၁၄)နှစ်အောက်၊ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့ ဖြစ်သည်။

နယ်မှ လာရောက်ယှဉ်ပြိုင်သူများကို ခရီးစရိတ်ငွေကျပ် ၁၀၀၀၀ ထောက်ပံ့ပေးပြီး နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၅ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆွေးနွေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁)၊ ဒုတိယရဲမှူး မြင့်အောင် **(အောက်ပုံ)** သည် ဧပြီ၂၁ရက် နံနက်၉နာရီမှ ၁၀နာရီခွဲအထိ လှိုင်သာယာမြို့နယ် နည်းပညာတက္ကသိုလ်၌ ကျောင်းကြိုပို့ ပြေးဆွဲလျက်ရှိသော ကြိုပို့ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၅၀အား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ လှိုင်သာယာ နည်းပညာတက္ကသိုလ်မှ မော်ကွန်းထိန်း(၁) ဒေါက်တာအောင်မိုးခိုင်၊ အရှေ့ပိုင်းခရိုင်ယာဉ်လိုင်းမှ ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

မတ်လအတွင်း မီးလောင်မှုများ

ရန်ကန် ဧပြီ ၂၁

၂၀၀၈ခုနှစ်မတ်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၆၂ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး ၁၃၄ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ လျှပ်စစ်မီး ၁၂ကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်၊ တောမီး လေးကြိမ်၊ သောင်းကျန်းသူ ရှို့မီး တစ်ကြိမ် ပါဝင်သည်။

အိုးအိမ်မဲ့

မီးလောင်မှုကြောင့် မီးဘေးဒုက္ခသည် ၆၆၉၃ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူသုံးဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရ၍ တိရစ္ဆာန် အကောင် ၁၀၀ သေဆုံးခဲ့သည်။

မီးလောင်မှု ၁၆၂ကြိမ်တွင် မီးဖိုမီး အပါအဝင် ပေါ့ဆမီး ၁၃၄ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၂ဒသမ ၇၂ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။ ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ ပဲခူးတိုင်း၌ တတိယအကြိမ်အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ပေါ့ဆမီး

မန္တလေးတိုင်း၌ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် မီးလောင်မှု ၃၅ကြိမ်အနက် အကြိမ်၃၀မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

သတိပေး

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးဘေးအန္တရာယ်အား သိရှိလိုက်နာဆောင်ရွက်ရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ လိုက်လံသတိပေးနှိုးဆော်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးဟောပြောခြင်း၊ လိုက်နာဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်ခြင်းများကို ပွင့်လင်းရာသီကာလတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းစေရန်အတွက် မီးဘေးလုံခြုံရေး စီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ပစ်မှတ်စနစ်ဖြင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ ပြည်နယ်၊ တိုင်း၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများမှ မိမိတို့တာဝန်ယူရသော နယ်မြေဒေသအလိုက် အရှိန်အဟုန်မပျက် မီးသတိပြုမှုရေး ဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူပိုင်အဆောက်အအုံ၊ ပြည်သူ့ဆေးရုံ၊ ဈေးကြီးများ၊ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ သာသနိက အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ နေရာများ၊ ပြတိုက်များ တည်ဆောက်မှုအား ဒေသ အာဏာပိုင်များ၏ အကူအညီရယူ၍ စစ်ဆေးအကြံပြုခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကြံ့ခိုင်အသင့်ရှိရေးနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိပြီး ပွင့်လင်းခြောက်သွေ့သောရာသီကာလတွင် မီးဘေးလုံခြုံရေး စီမံချက်ပါ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပူလေသမျှ

ချောက်	- ၁၁၃ ဒီဂရီဖာရင်ဟိုက်	မကွေး	- ၁၁၁ ဒီဂရီဖာရင်ဟိုက်
ရွှေဘို	- ၁၁၁ ဒီဂရီဖာရင်ဟိုက်	မင်းဘူး	- ၁၁၁ ဒီဂရီဖာရင်ဟိုက်
မုံရွာ	- ၁၁၁ ဒီဂရီဖာရင်ဟိုက်	မြင်းခြံ	- ၁၀၉ ဒီဂရီဖာရင်ဟိုက်
ညောင်ဦး	- ၁၁၁ ဒီဂရီဖာရင်ဟိုက်	အောင်လံ	- ၁၀၉ ဒီဂရီဖာရင်ဟိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပထမထပ်၌ ယာယီကိန်းဝပ်စံပယ်တော်မူသည့် ၂၇ထပ်တွင် သီတင်းသုံးမည့် ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဗန်းမော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဧပြီ ၂၁

ဗန်းမော်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကျောက်စိမ်းတွင်း ဓမ္မာရုံသစ်ကြီးတွင် ဧပြီ ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်ဗန်းမော်ခရိုင်သူ၊ ခရိုင်သားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲအတွက်အသက် (၇၅)နှစ်နှင့်အထက်၊ အဘိုး၊ အဘွားများ ကိုယ်တိုင် တက်ရောက်အပူဇော်ခံပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းသူအသင်းသားများ၏သားသမီးများအမည်စာရင်းကို ဦးစိန်မောင် ဖုန်း-၅၄၃၃၀၄၊ ၀၉-၅၁၀၆၉၀၇၊ ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂ နှင့် ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀၀၄၃၃၉တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုသိုလ်ပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အဘယဒါန ဇီဝိတဒါနအဖြစ် စာကလေးများကိုလွှတ်၍ ကုသိုလ်ပြုကြသည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နံနက် ၈နာရီခွဲက မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးသို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီး ပထမထပ်၌ ယာယီကိန်းဝပ်စံပယ်တော်မူသည့် ၂၇ ထပ်တွင် သီတင်းသုံးမည့် ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့်ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးပထမရင်ပြင်တော်မှနေ၍ ဉာဏ်တော်အမြင့် ၄၂၄ပေရှိ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

အဘယဒါန ဇီဝိတဒါနကုသိုလ်ပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အဘယဒါန ဇီဝိတဒါနအဖြစ် စာကလေးများကိုလွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

မအူကုန်းဓမ္မာရုံ မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၁

မအူကုန်းရပ်ကွက် ဓမ္မာရုံ စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၁၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို တာမွေမြို့နယ် မအူကုန်းရပ်ကွက် အမှတ်(၄၃) ၁၃၈လမ်းရှိ မအူကုန်းဓမ္မာရုံတွင် ဧပြီ ၂၇ရက်မှ မေ ၁ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် တာမွေမြို့နယ် မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏမဉ္ဇူ(အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော ဘာဏကသံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း အစရှိသော လှူဖွယ်ပစ္စည်းများနှင့် ပဋ္ဌာန်းကန်တော့ပွဲများလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆကာကြီး မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၁

ဆကာကြီးမြို့ မိတ္ထီလာကျောင်းတိုက် လောကတ္တစရိယ ဓမ္မာရုံကြီးတွင် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၅ရက်မှ ၁၂ရက်(ဧပြီ၂၅ရက်မှ မေ၂ရက်) အထိ ရှစ်ရက်တိုင်တိုင် မိုးကုတ်ဝိပဿနာတရားများကို မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း(မွေးမေမေတ္တာ)ဦးကောသလ္လက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မိတ္ထီလာကျောင်းတိုက်ဆရာတော်ဦးစန္ဒာဝရထံ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

● ကျောဖုံးမှ

သာကီမျိုး

တကောင်းအဘိရာဇာ သာကီမျိုး မြန်မ
ဧရာဝတီကမ်းရဲ့ တကောင်းမြို့မှာ မြန်မာ့ဦးစွ
ဖြစ်သလို ထေရဝါဒ ဗုဒ္ဓသာသနာတော်ရဲ့
ရှင်အရဟံမထေရ်မြတ်နဲ့ မင်းမြတ်အနော်ရထာ
ပုဂံမြို့တော်မှာပဲ စတင်လွှင့်ထူခဲ့ပါတယ်။ မြန်
တိုင်းတစ်ပါး နယ်ချဲ့တွေကို နောက်ဆုံးအချိန်
ဝင်သွားတဲ့ သူရဲကောင်း စစ်သူကြီးမဟာဗန္ဓုလ
ကျွန်းပေါ် ရင်ခွင်မှာပဲ အမိမြေကိုကာကွယ်ရ
ကြတာ ဖြစ်ပါတယ်။

ဆုံးရှုံးခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာ
ချိန်မှာလည်း နယ်ချဲ့တွေရဲ့ခြေထိုးသွေးခွဲမှု၊
အနှောင့်အယှက်တွေကြောင့် မြန်မာ့ဦးစွန်း
တိုင်းရင်းသားတွေ ရန်းကန်ကြိုးပမ်းခဲ့ရပြန်ပါ
အနက်ရောင်နယ်မြေ အခြေအနေကနေ အဖြူ
အဖြစ် တပ်မတော်နဲ့ပြည်သူ လက်တွဲပြီး
အောင်မြင်စွာဆင်နွှဲနိုင်ခဲ့တာလည်း ဧရာဝတီရဲ့
ဖြစ်နေပြန်ပါတယ်။

ဧရာဝတီရဲ့သမိုင်းနဲ့ မြန်မာ့သမိုင်း ထ
မြန်မာနိုင်ငံရဲ့ ရင်ခွင်မှာ ဧရာဝတီရဲ့တည်နေပ
တံတား(ရတနာပုံ)ရဲ့ တည်ရှိနေပုံတွေကိုလည်
ပါရစေ။

မျှတစွာပေးဝေ

မြောက်ဘက်ဆုံး မေခနဲ့မလိခ မြစ်နှစ်သွ
ပါချုန်မြစ်၊ အနောက်ဘက်စွန်း နတ်မြစ်မှသည်
အထိ မြစ်တွေနဲ့ ဝန်းရံ ဖွဲ့စည်းထားတဲ့
အလယ်မှာ ဧရာဝတီရဲ့ စီးဆင်းပုံကိုရှုကြည့်ပါ။
စတင်စီးဆင်းခဲ့စဉ်က အရှေ့ဘက်နယ်နိမိတ်ကို
လွင်ပြင်(မန္တလေး)ရောက်တဲ့အခါ အနောက်တေ
မကွေးတိုင်းထဲမှာတော့ အနောက်ရိုးမရဲ့ အ
ပါတယ်။ နိုင်ငံတော်ရဲ့ မြောက်ဘက်ဖျားမှ
ရာမှာ အရှေ့ဘက်နဲ့ အနောက် ဘက်ကမ်းက
မျှတစွာပေးဝေဖို့ လှပစွာတည်နေဟန်လို့

သမိုင်းရက်စွဲ

ဒီလို တည်ရှိနေတဲ့ ဧရာဝတီရဲ့ အရှေ့
ကမ်းကို ပေါင်းကူးဆက်သွယ်နိုင်ဖို့ အရေးကြီး
၁၉၂၄ခုနှစ်ကတည်းက စတင်ဆောက်လုပ်ခဲ့ပါ
တစ်ချက်မှာ ၁၀ ပေစီ အကျယ် ကားလမ်းတွေ
အင်းဝတံတားကို ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂
ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃
တံတားရေလယ်တိုင် အမှတ် (၇)နဲ့ (၈)တို့
အောက်တိုဘာလ ၂၇ ရက်နေ့မှာ တံတားကို
တစ်နည်းအားဖြင့် ၁၉၄၈ခုနှစ်၊ နိုင်ငံ့လွတ်လပ်
ဧရာဝတီရဲ့ တစ်စင်းတည်းသော တံတားကို
သမိုင်းရက်စွဲတွေက ဖော်ပြနေတာပါ။

ခေတ်ကာလများစွာကို ဧရာဝတီမြစ်နဲ့
အင်းဝတံတားဟာ ရာစုနှစ် ထက်ဝက်ကျေ
မော်တော်ယာဉ်ကြီးတွေရဲ့ တန်ချိန်ကို ထမ်း

တပ်မတော်အ
ဧရာဝတီမြစ်ကြီးရဲ့
၁၉၉၄ခုနှစ်ကတည်း
ကြိုးပမ်းမှုရဲ့ အော
စပြီး မြစ်မင်းဧရာဖြ
ဧရာဝတီမြစ်ကူးတံ
ဆက်တိုက် ဖွင့်လှ

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥ

● ကျောဖုံးမှ

သာကီမျိုး

တကောင်းအဘိရာဇာ သာကီမျိုး မြန်မာတွေရဲ့ သမိုင်းခေတ်ဦးကို ဧရာဝတီကမ်းရဲ့ တကောင်းမြို့မှာ မြန်မာ့ဦးစွန်း တလူလူလွင့်ပြီး စခဲ့တာ ဖြစ်သလို ထေရဝါဒ ဗုဒ္ဓသာသနာတော်ရဲ့ အောင်လံတော်ကိုလည်း ရှင်အရဟံမထေရ်မြတ်နဲ့ မင်းမြတ်အနော်ရထာတို့ဟာ ဧရာဝတီမြစ်ကမ်းရဲ့ ပုဂံမြို့တော်မှာပဲ စတင်လွှင့်ထူခဲ့ပါတယ်။ မြန်မာ့မြေကို ကျူးကျော်လာတဲ့ တိုင်းတစ်ပါး နယ်ချဲ့တွေကို နောက်ဆုံးအချိန်အထိ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်သွားတဲ့ သူရဲကောင်း စစ်သူကြီးမဟာဗန္ဓုလဟာလည်း ဧရာဝတီမြစ်ဝ ကျွန်းပေါ် ရင်ခွင်မှာပဲ အမိမြေကိုကာကွယ်ရင်း မြန်မာ့ဂုဏ်ကိုဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဆုံးရှုံးခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိပြီးချိန်မှာလည်း နယ်ချဲ့တွေရဲ့ခြေထိုးသွေးခွဲမှု၊ တိုင်းတစ်ပါးဝါဒဆိုးတွေရဲ့ အနှောင့်အယှက်တွေကြောင့် မြန်မာ့ဦးစွန်း မယိုင်လဲရအောင် မြန်မာတိုင်းရင်းသားတွေ ရန်းကန်ကြိုးပမ်းခဲ့ရပြန်ပါတယ်။ ဒီလိုကြိုးပမ်းခဲ့ချိန်မှာ အနက်ရောင်နယ်မြေ အခြေအနေကနေ အဖြူရောင်နယ်မြေ၊ အမာခံနယ်မြေအဖြစ် တပ်မတော်နဲ့ပြည်သူ လက်တွဲပြီး ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့တာလည်း ဧရာဝတီရဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာပဲ ဖြစ်နေပြန်ပါတယ်။

ဧရာဝတီရဲ့သမိုင်းနဲ့ မြန်မာ့သမိုင်း ထပ်တူပြုနေတာကိုပြောရင်း မြန်မာနိုင်ငံရဲ့ ရင်ခွင်မှာ ဧရာဝတီရဲ့တည်နေဟန်၊ အခုဖွင့်လှစ်ခဲ့တဲ့ ဧရာဝတီတံတား(ရတနာပုံ)ရဲ့ တည်ရှိနေပုံတွေကိုလည်း တစ်ဆက်တည်း တင်ပြပါရစေ။

မျှတစွာပေးဝေငှ

မြောက်ဘက်ဆုံး မေခနဲ့မလိခ မြစ်နှစ်သွယ်မှသည် တောင်ဘက်စွန်း ပါချန်မြစ်၊ အနောက်ဘက်စွန်း နတ်မြစ်မှသည် အရှေ့ဘက်စွန်း မဲခေါင်မြစ် အထိ မြစ်တွေနဲ့ ဝန်းရံ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အလယ်မှာ ဧရာဝတီရဲ့ စီးဆင်းပုံကိုရှုကြည့်ပါ။ နိုင်ငံရဲ့ မြောက်ဘက်စွန်းမှာ စတင်စီးဆင်းခဲ့စဉ်က အရှေ့ဘက်နယ်နိမိတ်ကို နီးစပ်ခဲ့ပေမယ့် အလယ်ပိုင်း လွင်ပြင်(မန္တလေး)ရောက်တဲ့အခါ အနောက်တောင်ဘက်ဆီကို ယိမ်းလာပြီး မကွေးတိုင်းထဲမှာတော့ အနောက်ရိုးမရဲ့ အရှေ့ဘက်က စီးဆင်းသွားပါတယ်။ နိုင်ငံတော်ရဲ့ မြောက်ဘက်ဖျားမှ တောင်ဘက်ဖျားသို့ စီးဆင်းရာမှာ အရှေ့ဘက်နဲ့ အနောက် ဘက်ကမ်းက သွေးချင်းတွေကို ဧရာမြစ်ရေ မျှတစွာပေးဝေငှဖို့ လှပစွာတည်နေဟန်လို့ ဆိုချင်ပါတယ်။

သမိုင်းရက်စွဲ

ဒီလို တည်ရှိနေတဲ့ ဧရာဝတီရဲ့ အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကို ပေါင်းကူးဆက်သွယ်နိုင်ဖို့ အရေးကြီးတဲ့အတွက် အင်းဝတံတားကို ၁၉၂၄ခုနှစ်ကတည်းက စတင်ဆောက်လုပ်ခဲ့ပါတယ်။ ရထားလမ်းနဲ့တစ်ဖက်တစ်ချက်မှာ ၁၀ ပေစီ အကျယ် ကားလမ်းတွေပါဝင်ပြီး ၃၉၄၈ ပေရှည်တဲ့ အင်းဝတံတားကို ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာပါ။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှာ စစ်ဒဏ်ကြောင့် တံတားရေလယ်တိုင် အမှတ် (၇)နဲ့ (၈)တို့ ပျက်စီးခဲ့ပါတယ်။ ၁၉၅၄ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ တံတားကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ၁၉၄၈ခုနှစ်၊ နိုင်ငံ့လွတ်လပ်ရေးရပြီး ခြောက်နှစ်ကျော်မှ ဧရာဝတီရဲ့ တစ်စင်းတည်းသော တံတားကို ပြင်ဆင်ဖွင့်လှစ်နိုင်ခဲ့တာလို့ သမိုင်းရက်စွဲတွေက ဖော်ပြနေတာပါ။

ခေတ်ကာလများစွာကို ဧရာဝတီမြစ်နဲ့အတူ ဖြတ်ကျော်လာခဲ့တဲ့ အင်းဝတံတားဟာ ရာစုနှစ် ထက်ဝက်ကျော် နှစ်ပေါင်း ၆၀ကျော်မှာ မော်တော်ယာဉ်ကြီးတွေရဲ့ တန်ချိန်ကို ထမ်းဆောင်နိုင်အား လျော့ပါးလာခဲ့ပါတယ်။ ဒါ့ကြောင့် ၁၉၉၂ ခုနှစ်ကစပြီး ၁၅တန်ကျော်တဲ့ မော်တော်ယာဉ်တွေကို ဖြတ်သန်းခွင့်မပြုတော့ဘဲ ဇက်ရေယာဉ်တွေနဲ့ ကူးသန်းကြရလို့ ကုန်စည်စီးဆင်းမှု အဟန့်အတားကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီကာလမှာ တပ်မတော်အစိုးရအနေနဲ့ ပြည်နယ်နဲ့တိုင်းအသီးသီးမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတွေနဲ့ သမိုင်းတစ်ခေတ် ဆန်းသစ်ချိန်ကို ရောက်လာခဲ့ပါပြီ။ ပြည်နယ်နဲ့တိုင်း အသီးသီးမှာ မြစ်ချောင်းအသွယ်သွယ်၊ တောင်အထပ်ထပ်ကို တံတားတွေဆောက်၊ လမ်းတွေဖောက်ပြီး တိုင်းရင်းသားသွေးချင်းတွေရဲ့ တွဲလက်တွေ မြဲသထက် မြဲစေဖို့ ကြိုးပမ်းအားထုတ်နေတာ ကျွန်တော်တို့ အားလုံးအသိပါ။ ဒီလို ကြိုးပမ်းအားထုတ်မှုတွေကြောင့်လည်း တစ်ချိန်တုန်းက ဧရာဝတီနဲ့ ပြည်ထောင်စုရဲ့တောင်တန်းမြေပြန့်တွေမှာ လက်နက်ကြီးငယ် ပေါက်ကွဲသံတွေအစား တိုင်းရင်းသားတွေရဲ့ ချစ်ကြည်ရေးတေးသံတွေ လွင့်ပျံ့လာနိုင်ခဲ့ပါတယ်။

ဆက်တိုက်ဖွင့်လှစ်

တပ်မတော် အစိုးရဟာ နိုင်ငံတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးရဲ့ စလယ်ဆုံးမှာ တံတားကြီးတွေ ကူးလူးဆက်သွယ်ဖို့ ၁၉၉၄ခုနှစ် ကတည်းက စတင် ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ဒီလို ကြိုးပမ်းမှုရဲ့ အောင်မြင်မှု အသီးအပွင့်တွေအဖြစ် ၁၉၉၇ ခုနှစ်ကစပြီး မြစ်မင်းဧရာ ဖြတ်သန်းစီးဆင်းရာ ပြည်နယ်နဲ့တိုင်းအသီးသီးမှာ ဧရာဝတီမြစ်ကူးတံတားကြီးတွေကို တစ်စင်းပြီးတစ်စင်း အခုလို ဆက်တိုက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်-

(၁)	၁၈-၉-၉၇	နဝဒေးတံတား ၄၁၈၃ ပေ ပြည်မြို့၊ ပဲခူးတိုင်း
(၂)	၁၀-၂-၉၈	မအူပင်တံတား ၂၃၆၂ ပေ မအူပင်မြို့၊ ဧရာဝတီတိုင်း
(၃)	၁၄-၁၁-၉၈	ဗလမင်းထင်တံတား ၂၆၈၈ ပေ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
(၄)	၁၅-၁၁-၉၉	ဗိုလ်မြတ်ထွန်းတံတား ၈၅၄၄ ပေ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း
(၅)	၄-၄-၀၁	အနော်ရထာတံတား ၅၁၉၂ ပေ ချောက်မြို့၊ မကွေးတိုင်း
(၆)	၂၄-၁၁-၀၂	ဧရာဝတီတံတား (မကွေး) ၈၉၈၉ ပေ မကွေးမြို့၊ မကွေးတိုင်း
(၇)	၂၃-၃-၀၃	ဒေးဒရဲတံတား ၄၀၈၈ ဒသမ ၃ ပေ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်း

၂၀ ရာစုတစ်လျှောက်လုံး အာရှတိုက်ရဲ့ ကမ္ဘာကျော် ဧရာဝတီမြစ်ကြီးဟာ အင်းဝတံတားတစ်စင်းတည်းနဲ့သာ ရှိခဲ့ရာက ၂၀ရာစု အကုန် ၂၁ရာစု ခေတ်ဦး ဒီကနေ့ တပ်မတော်အစိုးရကာလမှာတော့ တံတားသစ်ကြီး (၇)စင်းနဲ့ တင့်တယ်လာနိုင်ခဲ့ပါတယ်။ အခုဖွင့်လှစ်တဲ့ ဧရာဝတီတံတား (ရတနာပုံ)ဟာ တပ်မတော်အစိုးရရဲ့ (၈)စင်းမြောက် ဧရာဝတီမြစ်ကူး တံတားကြီးအဖြစ် တည်ဆောက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မူလက ရှိခဲ့တဲ့ အင်းဝတံတားကိုပါ ထည့်သွင်းရေတွက်ရင် ဧရာဝတီတံတား (ရတနာပုံ)ဟာ (၉)စင်းမြောက် ဧရာဝတီမြစ်ကူးတံတားဖြစ်တာမို့ ဧရာဝတီရဲ့ နဝရတ်လည်ဆွဲရတနာလို့လည်း ဆိုပါရစေ။

အနာဂတ်အာရှလမ်းမကြီး

ဧရာဝတီတံတား(ရတနာပုံ)ရဲ့ တည်နေရာကိုကြည့်ရင် နိုင်ငံရဲ့အရှေ့မြောက်ဘက်နဲ့ အရှေ့ဘက် ရှမ်းပြည်နယ်၊ အရှေ့တောင်ဘက်နဲ့ တောင်ဘက် ပြည်နယ်၊ တိုင်းအသီးသီးရဲ့ လမ်းအသွယ်သွယ် ဆုံစည်းရာ တံခါးဝသဖွယ် ဖြစ်တဲ့ ရတနာပုံမန္တလေးမြို့တော်ရဲ့ ပေါင်းကူးနေရာမှာ တည်ရှိပါတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးရဲ့ စလယ်ဆုံးမှာ တံတားကြီးတွေ ကူးလူးဆက်သွယ်ဖို့ ၁၉၉၄ခုနှစ်ကတည်းက စတင်ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ဒီလို ကြိုးပမ်းမှုရဲ့ အောင်မြင်မှု အသီးအပွင့်တွေအဖြစ် ၁၉၉၇ ခုနှစ်ကစပြီး မြစ်မင်းဧရာဖြတ်သန်းစီးဆင်းရာ ပြည်နယ်နဲ့တိုင်း အသီးသီးမှာ ဧရာဝတီမြစ်ကူးတံတားကြီးတွေကို တစ်စင်းပြီးတစ်စင်း အခုလို ဆက်တိုက် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒီကာလမှာ တပ်မတော်အစိုးရ အနေနဲ့ ပြည်နယ်နဲ့ တိုင်းအသီးသီးမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အထူး စီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း တွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတွေနဲ့ သမိုင်းတစ်ခေတ် ဆန်းသစ်ချိန်ကို ရောက်လာခဲ့ပါပြီ။

ဒီနေရာကနေ မြောက်ဘက် ကချင်ပြည်နယ်၊ အနောက်မြောက်ဘက် ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတို့ကို အဓိကဆက်စပ်ပေးနေတဲ့ မဟာဗျူဟာမြောက် နေရာလည်းဖြစ်ပါတယ်။ တစ်ခါ ပြည်တွင်းက ပြည်နယ်နဲ့ တိုင်းတွေသာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အရှေ့တောင်ဘက် အာဆီယံနိုင်ငံတွေကို ဖြတ်သန်းမယ့် အနာဂတ်အာရှလမ်းမကြီးရဲ့ ဧရာဝတီကိုဖြတ်သန်းမယ့် လမ်းကြောင်းဖြစ်နေပြန်တာလည်း တွေ့ရမှာပါ။

ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်း

ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အထက်အောက်၊ ရှေ့နောက် ကုန်စည်စီးဆင်းရေးမှာ ဧရာဝတီတံတား(ရတနာပုံ)ဟာ အင်အားကြီးမားစွာနဲ့ ကာလကြာရှည် အထောက်အကူပြုနိုင်တော့မှာ ဖြစ်ပါတယ်။ အနောက်မြောက်ဘက် လက်ဖက်ပြည်နယ်ဖြစ်တဲ့ ချင်းပြည်နယ်က ထွက်ကုန်တွေ၊ ကလေး၊ မုံရွာစက်မှုဇုန်က ထုတ်ကုန်တွေ၊ ကချင်ပြည်နယ်ရဲ့ သယံဇာတတွေ ရောင်းဝယ်ဖောက်ကားဖို့ ပိုမိုလွယ်ကူလာသလို အရှေ့မြောက်နဲ့ အရှေ့ဘက် ရှမ်းပြည်နယ်တစ်လွှား တောင်ဘက် ပြည်နယ်နဲ့တိုင်းအသီးသီးက ကုန်စည်တွေ ရောင်းဝယ်ဖောက်ကားနိုင်မှာပါ။ မန္တလေး၊ စစ်ကိုင်း ဒေသကြီးတွေရဲ့ အနာဂတ်ကို မှန်းဆကြည့်ရင် သတင်းနဲ့ နည်းပညာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်း အစရှိတဲ့ ကဏ္ဍအသီးသီးမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်း များစွာရှိနေတဲ့ ဒေသကြီးများအဖြစ် တွေ့မြင်နိုင်ပါတယ်။

တာဝန်ယူစီစဉ်

ဒီလို မဟာဗျူဟာမြောက်အရေးပါတဲ့ ဧရာဝတီ(ရတနာပုံ)တံတားကြီး ပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ယခင်တည်ဆောက်ခဲ့ပြီးတဲ့ လမ်း၊ တံတား ကြီး၊ ငယ်တွေကို ဖော်ဆောင်ခဲ့သလိုပဲ အထူးဂရုပြု လမ်းညွှန်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးရဲ့ လမ်းညွှန်မှုနဲ့အညီ လိုအပ်တဲ့ လေ့လာမှုတွေပြုလုပ်ပြီး (၂-၆-၁၉၉၉)နေ့က ကျင်းပတဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအတည်ပြုချက်အရ ဧရာဝတီတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူစီစဉ်ခဲ့ပါတယ်။

ပေါ်ထွန်းလာ

တံတားအူကြောင်းရှာဖွေခြင်း၊ မြေစမ်းသပ်ခြင်း၊ မြေလျှင်ကြောဆိုင်ရာ လေ့လာဆန်းစစ်ခြင်း၊ ပြည်ထောင်စုတစ်ဝန်းမှာ ဆောက်လုပ်ခဲ့ပြီးသမျှ တံတားကြီးငယ်တွေပေါင်းစပ်ပြီး မြန်မာအင်ဂျင်နီယာများအနေနဲ့ အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးမှုတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ တံတားပုံစံထုတ်လုပ်ခြင်း စတဲ့ အင်ဂျင်နီယာလုပ်ငန်းတွေ စနစ်တကျ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ (၃၀-၁၀-၂၀၀၀)နေ့ကစပြီး အဆင့်ဆင့် ကြိုးပမ်းတည်ဆောက်ခဲ့မှု ရလဒ်အဖြစ် ဒီနေ့မှာတော့ စုစုပေါင်း အလျား၅၆၁၄ပေ၊ ယာဉ်သွားလမ်းအကျယ်၄၉ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး တန်၆၀မော်တော်ယာဉ်ကြီးတွေ သွားလာနိုင်တဲ့ အပေါ်ထည်သံမဏိ သံပေါင်ခုံးတံတား၊ အောက်ထည် သံကူကွန်ကရစ်နဲ့ ဧရာဝတီ(ရတနာပုံ) တံတားသစ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါတယ်။

ရတနာသုံးပါးပွင့်ထွန်းရာ

ဒီလိုပေါ်ထွန်းလာခဲ့တဲ့ ဧရာဝတီတံတား(ရတနာပုံ)ရဲ့ အရှေ့ဘက်ရော အနောက်ဘက်မှာပါ ရှုမျှော်ရင် သာသနာ့သမိုင်းဝင် အဓိကရ နေရာတွေကို တွေ့မြင်နိုင်ပြန်ပါတယ်။ ထေရဝါဒီမြန်မာရဟန်းတော်များရဲ့ ပရိယတ္တိစာပေခရီးဖြတ်သန်းကြရာမှာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး တည်ထားခဲ့တဲ့ ရတနာပုံ မန္တလေးမြို့ကို ခြွင်းချန်ထားလို့ မရစကောင်းတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ မဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်တော်၊ ရန်ကင်းတောင်တော်ထက်က သာသနိက အဆောက်အအုံတွေ၊ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး (ကျောက်ထက်အက္ခရာတင် ပိဋကတ်သုံးပုံ)နဲ့ သံဃာတော်ပေါင်းများစွာ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများ တည်ရှိရာ မန္တလေးမြို့ဟာ ရတနာသုံးပါးပွင့်ထွန်းရာ မြန်မာနိုင်ငံရဲ့ ထေရဝါဒသာသနာကို ကိုယ်စားပြုလျက်ရှိနေပါတယ်။

ဒီနေရာကနေ ဧရာဝတီတံတား (ရတနာပုံ)ကိုဖြတ်ကူးပြီး အနောက်ဘက်ကမ်းကိုရောက်ရင် ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံအားထုတ်နေတဲ့ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်း မွေ့လျော်ရာ စစ်ကိုင်းတောင်တော်ကို ရောက်မှာပါ။ စစ်ကိုင်းတောင်ရဲ့ ဆွမ်းဦးပုညရှင်ကပဲဖြစ်ဖြစ်၊ ပတ္တမြားတောင်ကပဲဖြစ်ဖြစ် ဆက်ပြီး ရှုမျှော်ရင် ကောင်းမှုတော်ဘုရားကြီးကို ဖူးတွေ့နိုင်သလို အနောက်မြောက်မြို့တော် သလ္လာဝတီကို ခရီးဆက်ရင်တော့ ပေပေါင်း ၄၂၄ပေမြင့်တဲ့ ကမ္ဘာ့အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာ ဗောဓိတစ်ထောင်နဲ့ အလောင်းတော်ကဿပ သာသနာ့နယ်မြေတွေကို ဖူးမြော်နိုင်ပါတယ်။ ပဋိပတ္တိသာသနာတော်မှာ နေလို၊ လလိုထင်ရှားတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ လယ်တီစံကျောင်းတော်ဟာလည်း အနောက်မြောက်မြို့တော် မုံရွာရောက်ရင် ဗုဒ္ဓဘာသာဝင်တိုင်း မရောက်မဖြစ် ဖူးမြော်ဦးခိုက်ရမယ့် နေရာတစ်ခုပါ။ အခုလို နိုင်ငံတော်ရဲ့ သာသနာမြေတွေ၊ တည်နေရာတွေ ဆက်စပ်ပေးမှုကိုကြည့်ရင် ဧရာဝတီတံတား (ရတနာပုံ)ဟာ ပရိယတ္တိသာသနာမြေနဲ့ ပဋိပတ္တိသာသနာနယ်မြေနှစ်ခုရဲ့ သာသနာ့ပေါင်းကူးတံတားကြီးအဖြစ်လည်း ရှုမြင်နိုင်ကြပါတယ်။

အချုပ်ကိုဆိုပါမယ်-

- **ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရှိရာမြေနဲ့ ကမ္ဘာ့အမြင့်ဆုံး ရုပ်ပွားတော်ကြီးရှိရာ သာသနာနယ်မြေနှစ်ခုရဲ့ ပေါင်းကူးဧရာဝတီတံတား(ရတနာပုံ)။**
- **ပြည်ထောင်စုကြီးရဲ့ ပြည်နယ်နဲ့တိုင်းအသီးသီး လည်ချင်းယှက်၊ လက်ချင်းဆက်ဖို့ ထပ်မံအားဖြည့်ပေးတဲ့ မြစ်မင်းဧရာရဲ့ နဝရတ်လည်ဆွဲရတနာ ဧရာဝတီတံတား(ရတနာပုံ)။**
- **တိုင်းရင်းသားညီနောင်များရဲ့ ချစ်ကြည်ရေးတေးသံတွေ လွင့်ပျံ့နေတဲ့ ဧရာဝတီရဲ့ အောင်ပွဲတွေကို အမျိုးမျိုးအဖုံဖုံ သက်သေပြနေတဲ့ ဧရာဝတီတံတား (ရတနာပုံ)အဖြစ် ငွားငွားစွင့်စွင့် ဝင့်ကြွားစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။ ။**

...ည် အခြေခံဥပဒေ အတည်ပြုမည်။

မှ တစ်ပါး အခြားမရှိပါ

မောင်အောင်
(မွေး/ကု)

ကျွန်တော့်ကို ၁၉၅၃ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ကျွန်တော် သိတတ်စအရွယ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရသည်ဟု ကြားသိရပါသည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင်သိမ်းသည်ဟု သိရပါသည်။ ကျွန်တော်တို့မြို့ရှိ ပြည်သူ့ဆိုင်များတွင် အရောင်းစာရေးများခန့်အပ်ပြီး ရောင်းဝယ်ကြသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုဇယား၊ ကုန်ဝယ်စာအုပ်ဖြင့် ဝယ်ကြရသည်ကို မှတ်မိပါသည်။

အဲဒီအချိန်က ကျောင်းသားတစ်ယောက်၊ လူငယ်တစ်ယောက်အနေဖြင့် ကျွန်တော်အမှတ်မိဆုံး ရင်တွင်းအစွဲဆုံးအရာမှာ "လူရည်ချွန်ဆု" ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ကျောင်းတွင် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံထူးချွန်သည့် ကျောင်းသူ၊ ကျောင်းသားများအား ပညာရေးဝန်ကြီးဌာနမှ "လူရည်ချွန်ဆု" ရွေးချယ်ချီးမြှင့်ပြီး နွေရာသီကျောင်းပိတ်ရက်တွင် "ငပလီ"နှင့် "အင်းလေးခေါင်တိုင်"ရှိ အပန်းဖြေစခန်းများသို့ စေလွှတ်၍ အပန်းဖြေစေခြင်း ဖြစ်ပါသည်။

(၇)တန်းမှ (၁၀)တန်းအထိ တစ်ခရိုင်လုံး ဝင်ရောက်ယှဉ်ပြိုင်စေပြီး တစ်တန်းလျှင်တစ်ယောက် ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်တွင် ကျောင်းသားအင်အား အရ နှစ်တန်းလျှင်တစ်ယောက် ရွေးချယ်ပါသည်။ "လူရည်ချွန်"ဆုကို ကျွန်တော်တို့ တန်ဖိုးထားပါသည်။ ရရှိရန်ကြိုးစားခဲ့ကြသည်။ ကျောင်းသားဘဝက ကျွန်တော်၏ အန္တိမရည်မှန်းချက်သည် "လူရည်ချွန်" ဆု ရရှိရေးပင်။

၁၉၇၄ခုနှစ်၊ ကျွန်တော်တို့တက္ကသိုလ် ပဉ္စမနှစ်တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ"ကို ယခုကဲ့သို့ပင် ပြည်လုံးကျွတ်ဆန္ဒခံယူပြီး အတည်ပြု ပြဋ္ဌာန်းသည်နှင့် ကြုံပါသည်။ တက္ကသိုလ်ကျောင်းသားကြီးများဖြစ်၍ "နိုင်ငံတော် ပြည်အရေး"တွင် ကျွန်တော်တို့ စိတ်ဝင်စားနေပါပြီ။ အသစ်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တို့ စိတ်ဝင်စား၍ လေ့လာပါသည်။ ၁၉၄၇ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ပါလီမန်ဒီမိုကရေစီကိုအခြေခံပြီး ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာမူ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံ၍ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သိရသလောက် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံတော်လွတ်လပ်ရေးမရရှိမီ ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို အခြေခံ၍ ရေးဆွဲရခြင်းဖြစ်သဖြင့် ချို့ယွင်းချက်၊ အားနည်းချက်၊ ပျော့ကွက်ဟာကွက်များ ရှိခဲ့ပါသည်။ အဓိက ပျော့ကွက်မှာ (၁၀)နှစ်ပြည့်လျှင် ပြည်နယ်များခွဲထွက်နိုင်သည် ဟူသော ဖက်ဒရယ်မူ ဖြစ်ပါသည်။ ထိုအချိန်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခဲ့ရသည့် တာဝန်ရှိသူများသည် ဗြိတိသျှနယ်ချဲ့ လက်အောက်မှ လွတ်လပ်ရေးရရှိရေးကို အဓိကထား၍ ကြိုးပမ်းခဲ့ကြရင်း တိုင်းရင်းသားပဒေသရာဇ်အချို့၏ အကြိုက်လိုက်ကာ ဤဥပဒေကို ဖြစ်မြောက်အောင် ရေးဆွဲခဲ့ရခြင်းဖြစ်ပါသည်။

အလားတူပင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ထိုအချိန်က တည်ရှိနေသည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်စောင့်ရှောက်ရန် အခြေခံ၍ရေးဆွဲထားခဲ့ပြီး ထိုအချိန်က တည်ရှိခဲ့သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ်အတွက်သာ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည့် ယနေ့အချိန်အခါတွင် ၁၉၇၄ခုနှစ်က ဖွဲ့စည်းပုံအခြေခံ ဥပဒေသည်လည်း ခေတ်စနစ်နှင့် အံဝင်ခွင်ကျ မရှိနိုင်တော့ပါ။

မြန်မာပြည်သူတို့အနေဖြင့် တစ်ပါတီစနစ်ကို လက်မခံနိုင်တော့ဘဲ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို မလိုလားတော့သည့် အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ပါသည်။ ထို့ကြောင့် တစ်ပါတီစနစ် ကျဆုံးခဲ့ရပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ချုပ်ငြိမ်းခဲ့ရပါသည်။

အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းသွားခဲ့ပါပြီ။ အသစ်အသစ်တို့ ဖြစ်တည်၍ လာရပါမည်။ မြေအုတ်တို့နေရာတွင် ကျောက်အုတ်၊ သံမဏိအုတ်တို့ဖြင့် အစားထိုးရန် လိုအပ်လာပါပြီ။

ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံတော်မပြိုကွဲရေးအတွက် တိုင်းရင်းသားများ ထာဝစဉ်စည်းလုံးညီညွတ်နေရန် လိုအပ်ပါသည်။ သို့မှသာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည် ဖြစ်ပါသည်။

ဆိုရှယ်လစ်စနစ်၊ ပါလီမန်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဘာစနစ်မှာပဲဖြစ်ဖြစ် ဒို့တာဝန်အရေးသုံးပါးသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အထူးအရေးကြီးပါသည်။ ကျွန်တော်တို့ ပြည်သူအပေါင်း၏ အသည်းနှလုံးတွင် ထာဝစဉ် ကိန်းအောင်းနေရပါမည်။

ယခု ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူ အတည်ပြုတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လူတန်းစားအလွှာပေါင်းစုံကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်တို့ဖြင့် အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ပေါ်ပေါက်ပြီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ချို့ယွင်းချက်၊ အားနည်းချက်များအပေါ် သင်ခန်းစာရယူပြီး အသေးစိတ်ပြုပြင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ဤဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ယခုခေတ် ယခုအခြေအနေတွင် ရှိနေသည့် ပကတိအရှိတရားကို အခြေခံပြီး ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးများကိုသာ ရွေးချယ်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

သာမန်ပြည်သူတစ်ဦးဖြစ်သည့် ကျွန်တော်ယုံကြည်သည်မှာ သမိုင်းမော်ကွန်းတင်ရစ်မည့် ဤအခြေခံဥပဒေကို အဘက်ဘက်မှ အလေးထား အချိန်ယူ ရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူတွေအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးသာ ဖြစ်ပါလိမ့်မည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် အတည်ပြုရေးအတွက် ပြည်သူများနှင့်အတူ ဆန္ဒမဲ မကြာမီပေးရတော့မည့် ကျွန်တော်သည်လည်း မျက်စိစုံမှိတ်၍ ဆန္ဒမဲမပေးလိုပါ။ သို့ဖြစ်၍ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လေ့လာမိပါသည်-

- အခြေခံဥပဒေသစ်တွင် နိုင်ငံတော်တည်ဆောက်ပုံ အခြေခံမူအရ ခွဲထွက်ခြင်းကို လုံးဝတားမြစ်ထားသဖြင့် ပြည်ထောင်စု မပြိုကွဲရေး အာမခံချက် ပါရှိပြီးဖြစ်ပါသည်။
- အခြေခံဥပဒေသစ်တွင် အာဏာသုံးရပ် ပိုင်းခြားပေးပြီး အပြန်အလှန် ထိန်းကျောင်းသောစနစ်အရ အုပ်ချုပ်ရေး တာဝန်ခံသမ္မတ၊ ဥပဒေပြုရေးတာဝန်ခံ ပြည်ထောင်စု လွှတ်တော်၊ တရားစီရင်ရေး တာဝန်ခံ ပြည်ထောင်စု တရားရုံးချုပ်တို့သည် အာဏာရှင် သုံးယောက် ဖြစ်မလာနိုင်၊ တစ်ဦးတည်း အာဏာချုပ်ကိုင်မှုစနစ်ကိုလည်း တားမြစ်ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အခြေခံဥပဒေသစ်တွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော် တစ်ခုတည်းသာမက ပြည်နယ်လွှတ်တော်(၇)ခု၊ တိုင်းဒေသကြီးလွှတ်တော်(၇)ခုတို့ ကလည်း ဥပဒေပြုခွင့်များ ရရှိကြသည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူများ အချုပ်အခြာအာဏာကို ကိုယ်တိုင်ကျယ်ပြန့်စွာ ကိုင်တွယ်အသုံးပြုနိုင်၍ ဒီမိုကရေစီ ပုံစံကျသည်ဟု သတိပြုမိပါသည်။
- အခြေခံဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပိုမိုကျယ်ပြန့်စွာ ပါဝင်လျက် အချုပ်အခြာအာဏာရပ်ကို ကျင့်သုံးနိုင်ခွင့်ရကြမည် ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါသည်။
- အခြေခံဥပဒေသစ်တွင်ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော လွတ်လပ်ကျယ်ပြန့်သည့် ဈေးကွက်စီးပွားရေးစနစ် ချမှတ်ပေးခြင်း၊ နိုင်ငံတွင်းမှ တိုင်းရင်းသား စီးပွားရေးအင်အားစုများကို ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်း၊ နိုင်ငံသုံးငွေကြေးများကို တရားမဝင်မကြေညာဟု အာမခံကာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ယုံကြည်မှုရှိစေခြင်းဖြင့် နိုင်ငံစီးပွားတိုးတက်ရေး ရှေးရှုသော အမျိုးသားစီးပွားရေးပုံစံအဖြစ် ရှုမြင်သုံးသပ်မိပါသည်။
- နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ အခြေခံဥပဒေသစ်တွင် မြန်မာက မည်သည့်နိုင်ငံကိုမှ စတင်မကျူးကျော်၊ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု မူချထားခြင်းဖြင့် မြန်မာ့ နိုင်ငံခြားရေးမူဝါဒကို ပိုင်နိုင်ခိုင်မာ အဓိပ္ပာယ်ပြည့်ဝစေသည်ဟု သုံးသပ်မိပါသည်။

ကျွန်တော်လေ့လာသိရှိရသလောက် အခြေခံဥပဒေသစ်တွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့် ပြည့်စုံစွာပါရှိသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ပြီးခဲ့သည့် အခြေခံဥပဒေနှစ်ရပ်၏ချို့ယွင်းချက် အားနည်းချက်များကို သင်ခန်းစာယူ ပြုပြင်ရေးဆွဲထားပြီး ယခုခေတ်၊ ယခုအခါနှင့် လိုက်လျောညီထွေမှု အဖြစ်ဆုံးနှင့် အကောင်းဆုံးဖြစ်သော၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့် ပြည့်စုံစွာ ပါဝင်လျက်ရှိသော၊ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာတည်းဟူသောအမည် ထာဝစဉ်တည်တံ့ရေးအတွက် ဘက်ပေါင်းစုံအာမခံချက် ပြည့်ဝလျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ကျွန်တော်တို့ ပြည်သူအားလုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲပေး၍ အတည်ပြုရုံ "မှတစ်ပါး အခြားမရှိပါ"ဟု ထင်မြင်ယူဆပါသည်။ ။

ဤဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခဲ့ကြသည့် ပြည်သူ့ ကိုယ်စားလှယ်များသည် ယခုခေတ်၊ ယခုအခြေအနေတွင် ရှိနေသည့် ပကတိအရှိတရားကို အခြေခံပြီး ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးများကိုသာ ရွေးချယ်ရေးဆွဲခဲ့ခြင်းဖြစ်။

သာမန်ပြည်သူတစ်ဦးဖြစ်သည့် ကျွန်တော်ယုံကြည်သည်မှာ သမိုင်းမော်ကွန်းတင်ရစ်မည့် ဤအခြေခံဥပဒေကို အဘက်ဘက်မှ အလေးထားအချိန်ယူ ရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူတွေအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးသာ ဖြစ်ပါလိမ့်မည်။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေထောက်ပံ့

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၁၈ရက်က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေများကို လူမှုရေးအသင်းအဖွဲ့များသို့ ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံ

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောက်တံခါးမြို့ မြို့နယ်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ၁၉ရက်တွင် ထန်းတပင်မြို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ တောင်ငူမြို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ တောင်ငူ၊ ဖြူးနှင့်အုတ်တွင်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ ရေတာရှည်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေးအသင်း အဖွဲ့ဝင်များအား လည်းကောင်း တက်ရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်၂၄ အခန်း ၃၇ နေ ဦးအုန်းစိန်နှင့် ဇနီး ဒေါ်လှလှသိန်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လားရှိုးဓာတ်အားခွဲရုံနှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံ လျှပ်စစ်(၂)ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၁၅ရက်က တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Control Room အဆောက်အအုံနှင့် Switch Yard တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဧပြီ ၁၆ရက်က မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံ ပင်မဓာတ်အားခွဲရုံ အဆောက်အအုံခန်းမ၌ စီမံကိန်းတာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးမှာကြားပြီး ဓာတ်အားခွဲရုံအတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ထရန်စဖော်မာများရောက်ရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် အမှတ် ၁၃၂ အခန်း ၁၂၇ ဒုတိယထပ် ၁၄ လမ်း လသာမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ခင်ကြည်၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းဆင်း

ရန်ကုန် ဧပြီ ၂၁

ရွှေဘိုမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၏ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၃၂) ဆင်းပွဲအခမ်းအနားကို မတ် ၁ရက် နံနက် ၁၀နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လှိုင်လင်-လှိုင်မုံမိုင်း ကျေးလက်လမ်းအရှည် ၅၀၂၁ပေ၊ အကျယ် ၁၀ပေ ကျောက်ချောခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသက်နိုင်ဦးနှင့်အမှုဆောင်အရာရှိ ဦးဇန်ကျွမ်းတို့ ကြည့်ရှု စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ထင်က ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

SKY HOME Language Centre ဖွင့်ပြီ

ရန်ကုန် ဧပြီ ၂၁

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo West International Education Academy ၏ ရန်ကုန်ကျောင်းခွဲ SKY HOME ဖွင့်ပွဲ၊ ဂျပန်နိုင်ငံသို့ ဂျပန် ဘာသာစကား လေ့လာသူတို့အတွက် သိကောင်းစရာ ပညာရေးဟောပြောပွဲနှင့် ဆွေးနွေးပွဲတို့ကို ဧပြီ ၅ရက်က ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပရာ နီရှိတိုကျိုကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဂျပန်ဆရာများ တက်ရောက်ဖွင့်လှစ် ဟောပြော ဆွေးနွေးခဲ့သည်။

နီရှိ တိုကျိုကျောင်းခွဲကို SKY HOME အမည်ဖြင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းဈေးထိပ်ရှိ စန္ဒာမြိုင်ကွန်ဒို ၁၀ထပ်၌ ဖွင့်လှစ်ထားပြီး **(ယာပုံ)** ဂျပန်ဘာသာ အပြင် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများကိုပါ သင်ကြားပေးမည်ဖြစ်သည်။

ဂျပန်ဘာသာ ဆက်လက်လေ့လာ သင်ယူလိုသူများသည် SKY HOME တွင် လာရောက် သင်တန်းတက်ပါက နီရှိတိုကျိုကျောင်းသို့တက်ရောက်နိုင်ရေး တိုက်ရိုက် ချိတ်ဆက်ပေးမည် ဖြစ်ပြီး လေးတန်းနှင့် အထက် ကလေးများ အတွက်လည်း ဂျပန်ဘာသာကို ဂျပန်နိုင်ငံ သင်ရိုးအတိုင်း သင်ကြားပေးမည့် အထူးအစီအစဉ်ရှိသည်။ ဧပြီ ၂၂ရက်မှစ၍ သင်တန်းအားလုံးကို ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ခန်းလျှင် ၁၅ဦးသာ သင်ကြားပေးမည်ဖြစ်သည်။

ဂျပန်ဘာသာသင်တန်းနှင့် အင်္ဂလိပ်ဘာသာ သင်တန်းတို့ကို နိုင်ငံတကာ အဆင့်မီ အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်ဝသော ဆရာများက တာဝန်ယူ သင်ကြားပေးမည်ဖြစ်ကာ နိုင်ငံခြားသို့ လတ်တလော ထွက်ခွာမည့်သူများ၊ သံရုံး ဗီဇာဝင်မည့်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ကမ္ဘာသုံး အမေရိကန် အင်္ဂလိပ်စာ စကားကို တတ်ကျွမ်းလိုသူများအတွက် Text Book မသုံးဘဲ သင်ကြားသူနှင့် သင်ယူသူအကြား တကယ့်လက်တွေ့ အခြေအနေများကို အပြန်အလှန်မေးဖြေ သင်ကြားပေးမည်ဖြစ်သည်။

Language တစ်ခုတည်းကိုသာ သင်ကြားခြင်း မဟုတ်ဘဲ နိုင်ငံခြားသားများနှင့်အတူ သွားနည်း၊ လာနည်း၊ စားနည်း၊ နေနည်း၊ ဝတ်စားဆင်ယင်နည်းစသည့် Social Dealing များကိုပါ သင်ကြားပို့ချမည်ဖြစ်ပြီး သင်ကြားသည့်စနစ်ကို ကျေနပ်မှုမရှိပါက ငွေပြန်အမ်းမည့် (Money Back Gurantee) ပေးမည်ဖြစ်သည်။

Asia Pacific တွင် Top 10 ဝင်သော နိုင်ငံတကာအဆင့် ဘွဲ့လွန်ကျောင်း၌ ပညာသင်ဆုဖြင့် စရိတ်ငြိမ်း M.A, M.B.A, M.E.Biz သွားယူချင်သူများလည်း ဆက်သွယ်နိုင်ကာ (Any Graduate) ဖြစ်ပြီး TOEFL or IELTS ဖြေထားသူ ဖြစ်ရမည်။

ဂျပန်ဘာသာကို အင်္ဂလိပ်လို တစ်ချိန်တည်းတွင် နှစ်ဘာသာတွဲလျက် သင်ယူလိုသူများနှင့် မြန်မာဘာသာ သင်ကြားလိုသည့် နိုင်ငံခြားသားများကိုလည်း အထူးအစီအစဉ်ဖြင့် လက်ခံသင်ကြားပေးလျက်ရှိကာ HOME TUITION အဖြစ်လည်း အိမ်တိုင်ရာရောက် လိုက်လံသင်ကြားပေးမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၅၃၅၁၄၄၊ ၀၉-၅၀-၄၈၅၂၀ e-mail: info@ skyhome.info, www. tokyo-west.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူး ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါပအထူး ၁၀ရက် တရားစခန်းပွဲကြီးကို တန်ခူးလပြည့်ကျော် ၆ရက်မှ ၁၅ရက် (ဧပြီ ၂၆ရက်မှ မေ ၅ရက်) အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ အောင်ခေမာဆရာတော် ဘဒ္ဒန္တခေမာစာရက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး အဖွဲ့ချုပ်ကြီးအတွင်း လေးထပ်ဘောဇနဆောင် ဆောက်လုပ်နေပြီဖြစ်ရာ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

ကျောက်တံခါးမြို့နယ်၌ ချောင်းကူးတံတားဖွင့်

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖြူးစုကျေးရွာအုပ်စု ဖြူးစုရွာနှင့် ဟိုးတိကျေးရွာ ဆက်သွယ်ထားသော တပင်ရွှေထီးလမ်းပေါ်ရှိ ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၁၉ရက်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။ အခမ်းအနားတွင် အင်ဂျင်နီယာ ဦးဘဘူးလာလ်နှင့် ဦးကဲလားစ်ပသီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာ အလျား ၁၉ပေ၊ အကျယ်၁၃ပေရှိ ကွန်ကရစ်တံတားဖြစ်ပြီး ဟိုးတိရွာနေ ဦးကဲလားစ်ပသီးနှင့် ရွာသူရွာသားများထည့်ဝင်ငွေ ကျပ် ၁၉သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ပိုလ်မှူးချုပ်အုန်းမြင့် ကျိုက်ထိုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဧပြီ ၁၃ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ကျိုက်ထိုမြို့ ကင်မွန်းစခန်းကျေးရွာ အထက်တန်းကျောင်း၌ ပတ်ဝန်းကျင် တောင်ပေါ်ကျေးရွာများမှ ဒေသခံရွာသူ ရွာသားများ၊ ဒေသခံအသင်းဝင်များနှင့် တွေ့ဆုံ၍ဆွေးနွေးမှာကြားပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၁၄ရက်တွင် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတကျောင်း၌ ကျောင်းသားကျောင်းသူများ၏ သင်္ကြန်အကဖြင့် ဖြေဖျော်မှုကိုကြည့်ရှု အားပေးကာ အလှူငွေများပေးအပ်ပြီး သထုံမြို့ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၁၅ရက်တွင် ကျိုက်မရောမြို့၌ ပြည်နယ်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ ဦးစီးကျင်းပသည့် သင်္ကြန်ယိမ်းအကဖြင့် ကပြဖြေဖျော်မှုကို ကြည့်ရှုအားပေးပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဆရာတော်ဘဒ္ဒန္တဇောတိကအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ ကျိုက်မရောမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား စတုဒိသာကျွေးမွေးဧည့်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကဒုံတိကျေးရွာ သင်္ကြန်ယိမ်းအဖွဲ့၏ ကပြမှုကို ကြည့်ရှု၍ ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ မုဒုံမြို့ ကျောက်တလုံးကျေးရွာရှိ ဝင်းစိန်တောရကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအား ဖူးမြော် ကန်တော့၍ လျောင်းတော်မူဘုရားကြီးအတွက် အလှူငွေများ လှူဒါန်းပြီး မုဒုံမြို့ပိန္နဲတိုက်ကျောင်းဆရာတော်အားလည်းကောင်း၊ ဂျုံးဂျုံးကျ တောရကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏအား လည်းကောင်း ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာသင်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မုဒုံမြို့ကန်ကြီးဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကျေးလက်လမ်းများကောင်းမွန်စေရေးအတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အေတာလျာ ကျောက်ချောလမ်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် စစ်ဆေးရာအမှုဆောင်အရာရှိ ဦးငွေးဝင်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့နှင့် မြို့နယ် သာသနာရေး ဦးစီးဌာနတို့က ကြီးမှူးကျင်းပသောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းတိုက်မှ သံဃာတော် ၂၅၁ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ်၂၁ရက်က ဘော်ကြိုဘုရားကြီး ပရဝဏ်၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် အမှူးပြုသော လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ များနှင့် ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။ (ဝ၂ဝ)

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၁

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၉ ရက်က နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှူးများ၊ စီမံကိန်းမန်နေဂျာများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများက ဓာတ်အားရရှိမှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမ အစုပေါ် အမြတ်ငွေများ ကံမ၌ပေးအပ်

ရန်ကုန် ဧပြီ ၂၁

ကံမမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်း ၂၄၈ဦး၏ သရက်ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်သို့ ထည့်ဝင်ထားသည့် အစုငွေများမှ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် ရရှိသည့် အစုပေါ်အမြတ်ငွေများပေးအပ်ပွဲကို ဧပြီ ၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်တို့က အမှာစကား ပြောကြားကြပြီး အသင်းသား၂၄၈ဦး အတွက်ရရှိသည့် အစုပေါ်အမြတ်ငွေ ၄၃၆၃၄၀ကို အသင်းကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ပြီး အသင်းသားတစ်ဦးချင်းသို့ ထုတ်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်
(၂၀-၄-၂၀၀၈)

၁။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့် ရောဂါကင်းရှင်းမှု**

(က) **ပထမအကြိမ် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုနှင့် ရောဂါကင်းရှင်းမှု။** ၈-၃-၂၀၀၆ရက် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့တွင် ကျရောက်ဖြစ်ပွားခဲ့ပြီး ၄-၉-၂၀၀၆ရက် ရောဂါကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါသည်။

(ခ) **ဒုတိယအကြိမ်၊ တတိယအကြိမ်ဖြစ်ပွားမှုနှင့် ရောဂါကင်းရှင်းမှု။** ၂၈-၂-၂၀၀၇ရက် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တွင်လည်းကောင်း၊ ၁၈-၁၁-၂၀၀၇ရက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်လည်းကောင်း ကျရောက်ဖြစ်ပွားခဲ့ပြီး ၂၀-၄-၂၀၀၈ရက် ရောဂါကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါသည်။

(ဂ) **ရောဂါဖြစ်စဉ်များအပေါ် သုံးသပ်ချက်။** မြန်မာနိုင်ငံတွင် ကျရောက်ဖြစ်ပွားခဲ့သော H_5N_1ဗိုင်းရပ်စ်များ၏မျိုးရိုးဗီဇဓာတ်မြစ် အုပ်စုကွဲ သရုပ်ခွဲ ဆန်းစစ်ချက်အရ ရောဂါဖြစ်စဉ်သုံးခုစလုံးသည် ပြည်တွင်း၌ ဖြစ်ပွားခဲ့သောရောဂါပိုးမှ ကူးစက်ခဲ့ခြင်း မဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက်ကူးစက်ကြောင်း သုံးသပ်ရရှိပါသည်။

၂။ **မြန်မာနိုင်ငံအတွင်းကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး။** မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံမဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ကြက်၊ ဘဲ၊ ငှက်မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထုအနေဖြင့် အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) **တရားမဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ သုံးစွဲခြင်းမပြုရေး။** နည်းအမျိုးမျိုးဖြင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ကြက်၊ ဘဲ၊ ငှက် အရှင်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကြက်သားပေါက်များ၊ ကြက်ဥများ၊ ပြုပြင်ထုတ်လုပ်ထားသော ရေခဲစိမ် ကြက်သားများ၊ ကြက်တုပ်ကွေးကာကွယ်ဆေးများအား သုံးစွဲခြင်းမပြုရန်နှင့် တားဆီးပိတ်ပင်ရေး ပူးပေါင်းဆောင်ရွက်ပါရန်။

(ခ) **ရောနှောမွေးမြူရေးစနစ်ပြောင်းလဲရေး။** တိုင်းရင်းကြက်၊ ဘဲ၊ ငုံး၊ ငန်း၊ မန်ဒါလီ ရောနှောမွေးမြူခြင်းမပြုဘဲ ခွဲခြား၍ သီးခြားစီ တစ်နိုင်တစ်ပိုင်မွေးမြူရန်။

(ဂ) **ကြက်၊ ဘဲ အရှင်ရောင်းဝယ်မှုလုပ်ငန်း။** ကြက်၊ ဘဲအရှင်ရောင်းဝယ်မှုလုပ်ငန်းနှင့် သတ်ဖြတ်ပြုပြင်လုပ်ငန်းရောနှောခြင်းမရှိဘဲ သီးခြားဆောင်ရွက်ရန်။

(ဃ) **ဆောင်းခိုငှက်နှင့် ဒေသခံငှက်ရိုင်းများ ကျက်စားရာဒေသများ။** သီးခြားကန့်သတ်ထားရှိပြီး ၄င်းဒေသအတွင်း မွေးမြူရေးတိရစ္ဆာန်များ မွေးမြူခြင်းမပြုရန်။

(င) **ဇီဝလုံခြုံမှုမြှင့်တင်ရေး**

(၁) တစ်နိုင် ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ ငန်းမွေးမြူရာတွင် စနစ်တကျခြံငယ်များဖြင့် တိရစ္ဆာန်တစ်မျိုးတည်းသာ သီးခြားဇီဝလုံခြုံမှု မြှင့်တင်မွေးမြူရန်။

(၂) ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ ငန်းများအား လူနေအိမ်နှင့်တွဲဖက်မွေးမြူခြင်းမပြုဘဲ ခွဲခြားမွေးမြူရန်။

(၃) ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ တိရစ္ဆာန်အရှင်များ ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ရာတွင် ရောနှောသယ်ယူခြင်းမပြုရန်၊ ဖောက်ထိုးသယ်ဆောင်ခြင်းသည် ကြက်နာ၊ ဘဲနာ ဖြစ်စေနိုင်ပြီး သယ်ဆောင်ရာလမ်းတစ်လျှောက်တွင် တိရစ္ဆာန်မစင်၊ ချွဲ၊ သွားရည်များကျရောက် ရောဂါပျံ့နှံ့ကူးစက်နိုင်ကြောင်း ကြက်တုပ်ကွေး၊ ကာကွယ်ရေးသတိဖြင့် ရှောင်ရှားရန်။

(၄) ကြက်ဘဲမွေးမြူထိန်းကျောင်းသူများ လုပ်ငန်းခွင်အဝတ်အစား သီးခြားထားရှိပြီး တစ်ကိုယ်ရေသန့်ရှင်းရေး ခြေ/လက် ဆေးကြောခြင်းများ ဂရုပြုဆောင်ရွက်ရန်။

(စ) **ဇီဝအန္တရာယ်ကင်းရှင်းရေး**

(၁) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ၄င်းတိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကြက်နာ၊ ဘဲနာများ စားသုံးခြင်း၊ ရောင်းချခြင်းမပြုရန်။

(၂) ကြက်ငှက်အသေကောင်၊ စွန့်ပစ်ပစ္စည်းများကို ဆေးဖျန်း၊ မြေမြှုပ်၍ စနစ်တကျစွန့်ပစ်ရန်။

(၃) ကြက်သား၊ ဘဲသားများကို ပွက်ပွက်ဆူအောင် ချက်ပြုတ်စားသောက်ရန်။

(၄) ကြက်ဥ၊ ဘဲဥများကို အတွင်းအနှစ်ကျက်အောင် ပြုတ်၊ ကျော်၊ ချက်ပြီးမှစားသောက်ရန်။

(ဆ) **သတင်းပို့ရေး။**

ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ ငန်းစသည့် မွေးမြူရေးတိရစ္ဆာန်များ ဖျားနာသေဆုံးမှုရှိလျှင်သော်လည်းကောင်း၊ ငှက်ရိုင်းများ ထူးခြားသေဆုံးမှုရှိလျှင်သော်လည်းကောင်း ရိုးရိုးရောဂါဖြင့်သေဆုံးသည်ဟု သဘောမထားဘဲ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပို့ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

နေပြည်တော် ဧပြီ ၂၁

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အဆောက်အအုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။

ယင်းအဆောက်အအုံတို့မှာ အမှတ် (၁) စက်မှုဝန်ကြီးဌာန ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်မပါသည့်မြေအပိုင်း) မြေဧရိယာ ၅ ဒသမ ၁၉ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၆၃ ဒသမ ၄၉၉၊ ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်ပါသည့်အပိုင်း) မြေဧရိယာ ၂ ဒသမ ၇၈ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၁၇၃ ဒသမ ၀၉၆၊ အင်္ဂပူလိရေခဲစက် (ဈေး) မြေဧရိယာ ၂ ဒသမ ၉၅ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၇၆ ဒသမ၄၃၆၊ ဒဂုံအချိုရည်နှင့် ရေခဲစက် စက်ရုံခွဲ (၄) မြေဧရိယာ ၀ ဒသမ ၇၉၃ ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၉၇၀ ဒသမ ၅၃၀ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ဂွမြို့ ကင်းရုံးရပ်ကွက်ရှိ ဆန်စက်အမှတ် (၀၅၁) (၁၅တန်ကျ) မြေဧရိယာ ၀ ဒသမ ၄၁ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၁၄ ဒသမ ၈၂၉၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမတ်ကျေးရွာရှိ ဆန်စက်အမှတ် (၆၇၂) (တန်-၁၀၀ကျ) မြေဧရိယာ ၂၆ ဒသမ ၀၆ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၂၉၃ ဒသမ ၃၃၀၊ ဧရာဝတီတိုင်း ငပုတော မြို့ ကတ္တရာဝကျေးရွာရှိ ဆန်စက်အမှတ် (၆၇၅) (တန်-၁၀၀ကျ) မြေဧရိယာ ၂၆ ဒသမ ၃၄ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၅၀ ဒသမ ၁၀၈၊ ရခိုင်ပြည်နယ် သံတွဲမြို့ ကင်းမော်ရပ်ကွက်ရှိ ဆန်စက်အမှတ်(၀၃၉)(၂၅တန်ကျ) မြေဧရိယာ ၁ ဒသမ ၉၈ဧကကို ကြမ်းခင်းဈေးငွေ ကျပ်သန်း ၂၈ ဒသမ ၆၆၁၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အလယ်ရေကျော်ကျေးရွာရှိ ဆန်စက်အမှတ်(၆၇၃)(တန် ၁၀၀ကျ) မြေဧရိယာ ၂၇ ဒသမ ၄၉ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၃၂၈ ဒသမ ၃၁၊ စစ်ကိုင်းတိုင်း ကလေးဝမြို့ ချမ်းအေးသာယာ (၂)ရပ်ကွက်ရှိ ဆန်စက်အမှတ်(၁၁၄)(တန် ၂၀ကျ)မြေဧရိယာ ၃ ဒသမ ၆၁ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၃၀ ဒသမ ၄၈၂၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကက်သာရွာရှိ ဆန်စက်အမှတ်(၁၂၆)(တန် ၂၀ကျ)မြေဧရိယာ ၂ ဒသမ ၇၇ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၃၈ ဒသမ ၆၈၃၊ ပဲခူးတိုင်း ကျောက်တံခါးမြို့ သူဌေးကုန်း ကျေးရွာရှိ ဆန်စက်အမှတ်(၅၀၅) (တန် ၁၀၀ကျ)မြေဧရိယာ ၂၀ ဒသမ ၀၀ ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၇၁၄ ဒသမ ၄၄၇၊ ပဲခူးတိုင်း ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ ဆန်စက်အမှတ်(၁၃၂) (၂၅တန်ကျ)မြေဧရိယာ ၂၂ ဒသမ ၂၇ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၆၁၀ ဒသမ ၅၀၉၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့ရှိ ဆန်စက်အမှတ်(၆၆၈)(တန် ၅၀ကျ)မြေဧရိယာ ၁၁ ဒသမ ၇၈ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၅၉၀ ဒသမ ၃၆၃၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆန်စက်အမှတ်(၀၄) (၇၅တန်ကျ) မြေဧရိယာ ၆ ဒသမ ၃၇၇ ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၃၃၅၅ ဒသမ ၄၅၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆန်စက်အမှတ်(၀၅) (၇၅ တန်ကျ) မြေဧရိယာ ၄ ဒသမ ၀၃၆ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၂၁၁၇ ဒသမ ၉၃၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့ရှိ ဖွဲနုဆီစက်အမှတ်(၁၃) မြေဧရိယာ ၁ ဒသမ ၀၃၉ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၂၇၅ ဒသမ ၅၆၂၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ရှိ ဖွဲနုဆီစက်အမှတ်(၀၅) မြေဧရိယာ ၁၂ ဒသမ ၀၁ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၅၇၈ ဒသမ ၀၃၃၊ ပဲခူးတိုင်း ဖြူးမြို့ရှိ ဖွဲနုဆီစက် အမှတ် (၁၉) မြေဧရိယာ ၇ ဒသမ ၁၇ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၃၈၃ ဒသမ ၁၈၈၊ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၉)မြို့မရပ်ကွက်ရှိ ဖွဲနုဆီစက်အမှတ် (၁၆) မြေဧရိယာ ၄ ဒသမ ၇၅၈ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၂၀၈ဒသမ ၀၅၀၊ ပဲခူးတိုင်း ညောင်လေးပင်မြို့ရှိ ဖွဲနုဆီစက်အမှတ် (၀၈) မြေဧရိယာ ၁၁ဒသမ ၁၅ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၆၅ဒသမ ၇၀၈ ဖြင့်လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြေပုံရေခဲစက်ရုံ၊ မြေပုံမြို့မြေဧရိယာ ၁၈ဒသမ ၈၆ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၇ဒသမ ၉၃၉ ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက် မြေဧရိယာ ၁၀ ဒသမ၆၉၂ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၁၃၀၄၄ဒသမ ၄၉ ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ဖွဲနုဆီစက်များနှင့်စပ်လျဉ်း၍ မြေနှင့် အဆောက်အအုံမပါ စက်တစ်မျိုးတည်းသာ ဝယ်ယူလိုလျှင်လည်း လွှဲပြောင်းရောင်းချမည်ဖြစ်သည်။

တင်သွင်းရမည်

ဝယ်ယူလိုသူ ပုဂ္ဂိုလ်၊အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဧပြီ ၇ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာရုံးအမှတ် ၃၂ နေပြည်တော်)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဇွန်ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

ဦးစားပေး

ဝယ်ယူရန် အဆိုပြုလွှာများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်။

စုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် ၃၂ နေပြည်တော်) ဖုန်း- ၄၀၆၀၆၉သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား ယာဉ်နှစ်စီး အနည်းငယ်ချွတ်ယွင်းပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

အကြမ်းဖက်အဖျက်သမားအား ပြည်သူလူထုမှ ပူးပေါင်းဖော်ထုတ်သွားကြရန် သက်ဆိုင်ရာကတိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဧပြီ ၂၁

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့၌ ဧပြီ ၂၀ရက်ညက ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့သဖြင့် ယာဉ်နှစ်စီး အနည်းငယ်ချွတ်ယွင်းပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ပေါက်ကွဲ

ဧပြီ ၂၀ရက် ည၇နာရီ ၅၅မိနစ်တွင် ကျောက်တံတားမြို့နယ် (၃)ရပ်ကွက် ၃၆လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်အနီးရှိ ABC စားသောက်ဆိုင်ဘေး၊ ၃၆လမ်းတွင် ရပ်ထားသည့် အငှားယာဉ်အမှတ် ခခ/၁၀၂၉ SUBARU အမျိုးအစားယာဉ်၏ ရှေ့ဘက်ခြမ်းနှင့် ဘယ်ဘက်ပလက်ဖောင်းကြားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် အဆိုပါယာဉ်၏ ရှေ့လေကာမှန်အက်ကွဲခြင်း၊ ဘယ်တံခါးပိန်ချိုင့်ပြီး မှန်အက်ကွဲခြင်း၊ နောက်ဆွဲတံခါးမှန်ကွဲခြင်းနှင့် ရှေ့ဘီးကွဲခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့အတူ ည ၉ နာရီ ၁၀ မိနစ်တွင်လည်း ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ၃၂ လမ်းထောင့်ရှိ ကုန်သည်ကြီးများ ဟိုတယ်နောက်ဘက်တွင် ရပ်ထားသော ယာဉ်အမှတ် ပ/၇၀၆၂ Toyota Corona GX Salon အမျိုးအစား အဖြူရောင်ယာဉ်၏အောက်တွင် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လမ်းပေါ်တွင် အကျယ် ၅ လက်မ၊ အနက် ၂လက်မခန့်ရှိ ကျင်းတစ်ခု ဖြစ်ပေါ်ခဲ့ပြီး Corona ယာဉ်၏ နောက်ထိုင်ခုံနှင့် ယာဘက်ခြေနင်းပျက်စီးခြင်း၊ ယာဉ်ကြမ်းပြင် ၁၂ လက်မခန့် ပျက်စီးခြင်း၊ နောက်ဘန်ကာပြုတ်ထွက်ခြင်း၊ နောက်လေကာမှန်ပြုတ်ထွက်ခြင်း၊ ရှေ့ဘယ်ဘီးပေါက်ခြင်း၊ ဘယ်အချက်ပြမီး ပြုတ်ထွက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ ပေါက်ကွဲမှုများနှင့်စပ်လျဉ်းပြီး အဖျက်လုပ်ရပ်များအပေါ် မလိုလားသော တာဝန်သိပြည်သူအချို့၏ ဝိုင်းဝန်း ကူညီသတင်းပေးပို့ခဲ့မှုကြောင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သူမှာ မှန်တိုင်းဟုသည့် အမည်ဝှက်ဖြင့် တစ်ဖက်နိုင်ငံနယ်စပ် စွမ်းအားမြှင့်မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW)တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ကာ ပြည်တွင်း၌ အဖျက်လုပ်ငန်းများ လုပ်ဆောင်ရန် တာဝန်ပေးစေလွှတ်ခံရသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အဖျက်လုပ်ရပ်

မဟာသင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ပြီးဆုံး၍ နှစ်သစ်တွင် စိတ်ချမ်းမြေ့စွာ လွတ်လပ်တက်ကြွပျော်ရွှင်နေချိန်၌ ယခုကဲ့သို့ အကြမ်းဖက်အဖျက်လုပ်ရပ် ဖြစ်ပေါ်ခဲ့သဖြင့် ဤသတင်းကို ကြားသိရသည့် ပြည်သူများနှင့် ရန်ကုန်မြို့ရှိ ပြည်သူများအနေဖြင့် အမျက်ဒေါသဖြစ်ကာ မခံမရပ်နိုင်ဖြစ်နေကြကြောင်း သိရှိရသည်။

ဝိုင်းဝန်းကူညီ

ဖောက်ခွဲဖျက်ဆီးရေးသမားမှာ အရပ် ၅ ပေ ၆ လက်မခန့်၊ အသားလတ်၊ ဆံပင်ကုပ်ထောက်၊ မျက်နှာသွယ်၊ အသက် ၃၀ခန့်ရှိပြီး ၎င်း၏ပုံပန်းသဏ္ဍာန်ကို လုံခြုံရေးကင်မရာများမှတစ်ဆင့် မှတ်တမ်းတင်နိုင်ခဲ့သဖြင့် ၎င်း၏ဓာတ်ပုံအား ပြည်သူများသိရှိနိုင်ရန် ဖော်ပြထားပြီး ၎င်းအားတွေ့ရှိပါက နီးစပ်ရာရဲတပ်ဖွဲ့၊ ရဲစခန်းအပါအဝင် တာဝန်ရှိ အဖွဲ့အစည်း အသီးသီးသို့ သတင်းပေးတိုင်ကြား၍ ဝိုင်းဝန်းကူညီဖော်ထုတ်ဖမ်းဆီးပေးကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်တမ်းတင်ပုံ

အရပ် ၅ ပေ ခြောက်လက်မခန့်၊ အသားလတ်၊ ဆံပင်ကုပ်ထောက်၊ မျက်နှာသွယ်၊ အသက် ၃၀ ခန့်ရှိ ဖောက်ခွဲဖျက်ဆီးရေးသမား ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၂ လမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ် နောက်ဘက်တွင် ရပ်ထားသော မော်တော်ယာဉ်အောက်တွင် ဖောက်ခွဲရန် ချဉ်းကပ်လာမှုအား လုံခြုံရေးကင်မရာမှ မှတ်တမ်းတင်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပရီမီယာလိဂ်ထိပ်သီး လီဗာပူးနှင့် ချယ်လ်ဆီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ယနေ့ကစားမည်

လန်ဒန် ဧပြီ ၂၁

ပရီမီယာလိဂ် ထိပ်သီးအသင်းများဖြစ်ကြသည့် လီဗာပူးနှင့် ချယ်လ်ဆီးတို့သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၂၂ရက် **(ယနေ့)** (မြန်မာစံတော်ချိန် ဧပြီ ၂၃ရက် နံနက် ၁း၁၅နာရီ)တွင် လီဗာပူးကွင်းအန်ဖီးလ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်သည် ဖူလ်ဟမ်နှင့်ကစားသည့်ပွဲ၌ လည်ပင်းဒဏ်ရာရထားသော်လည်း ပါဝင်ကစားနိုင်ဖွယ်ရှိသည်။

ထို့အတူ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည်လည်း ပါဝင်လာဖွယ်ရှိသည်။ ၎င်းသည် လွန်ခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲတွင် ပြိုင်ပွဲနှင့်လွဲခဲ့ရသည်။

ထိပ်တိုက်ဆုံတွေ့မှု

လီဗာပူးနှင့် ချယ်လ်ဆီးတို့သည် အဓိကပြိုင်ပွဲကြီး ၁၅၀၌ ဆုံတွေ့ခဲ့ရာတွင် လီဗာပူးက ပွဲအများဆုံးအနိုင်ရရှိခဲ့သည်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှစပြီး ရာဖေးလ်ဘင်နီတက်ဇ် လီဗာပူးအသင်းကို ကိုင်တွယ်စဉ် လီဗာပူးက ချယ်လ်ဆီးကို ငါးပွဲနိုင်၊ ငါးပွဲသရေကျပြီး ရှစ်ပွဲရှုံးနိမ့်ခဲ့သည်။

ယခုနှစ်ရာသီ ပရီမီယာလိဂ်ပြိုင်ပွဲတွင် အန်ဖီးလ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေ ကျခဲ့သည်။ ယင်းပွဲ၌ တောရက်စ်က လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းပြီး လမ်းပတ်က ချယ်လ်ဆီးအတွက် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။

အပြာရောင် ချယ်လ်ဆီးအသင်းနည်းပြ ဂရန့်လက်ထက် ချယ်လ်ဆီးက လီဗာပူးကို ကားလင်းဖလား ကွာတားဖိုင်နယ်၌ လမ်းပတ်နှင့်ရှက်ဗ်ချင်ကိုတို့၏ ဂိုးများဖြင့် နိုင်ခဲ့ဖူးသည်။

လီဗာပူး

ယနေ့ကစားမည့်ပြိုင်ပွဲတွင် လီဗာပူးအသင်း၌ ဂျရတ်၊ အလွန်ဆို၊ ဟာစ်ပီးယား၊ ဒက်ကွတ်၊ တောရက်စ်၊ ဘာဘယ်နှင့် ပင်နန့်တို့ အဓိကပါဝင်ကစားကြဖွယ်ရှိသည်။

ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းတွင်လည်း လမ်းပတ်၊ ဂျိုးကိုးလ်၊ အက်ဆီယံ၊ မက်ခီလီလီ၊ ဂျွန်အိုဘီမီခေးလ်၊ ရိုက်ဖီးလစ်၊ အနယ်ကာနှင့် ကာလူး အမာခံ ပါဝင်ကစားဖွယ်ရှိသော်လည်း ဒရော့ဘာ ပါဝင်ရန် မသေချာဘဲရှိသည်။ **(အင်တာနက်)**

ရော်ဂျာဖက်ဒဲယားအား ဖလားနှင့်အတူ အောင်ပွဲခံနေသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယား ယခုနှစ်အတွင်း ပထမဆုံးဖလားဆွတ်ခူး

အက်စ်တော်ရီ (ပေါ်တူဂီ) ဧပြီ ၂၁

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ပေါ်တူဂီနိုင်ငံ၌ ကျင်းပသော အက်စ်တော်ရီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ် ကစားသမား ဒေဗီဒန်ကိုအား အနိုင်ရလိုက်၍ ယခုနှစ်အတွင်း ပထမဆုံးသောဖလား ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဒေဗီဒန်ကိုသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် ဆက်လက်မကစားနိုင်တော့ဘဲ ဖက်ဒဲယားအား ၇-၆ (၇-၅)၊ ၁-၂ ဖြင့် အရှုံးပေးလိုက်ရခြင်းဖြစ်သည်။

ဖက်ဒဲယားသည် ဩစတေးလျအိုးပင်းမတိုင်မီက ဒဏ်ရာများရရှိထားသဖြင့် ပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ဒေဗီဒန်ကိုသည် ယင်းပွဲတွင်ဖက်ဒဲယားအား ရှုံးနိမ့်သွားသဖြင့် ၁၂ ပွဲမြောက် ဆက်တိုက် အနိုင်ရရှိမှုမှာ အဆုံးသတ်ခဲ့ရပြီဖြစ်သည်။

ဗိုလ်စွဲ

အနိုင်ရဗိုလ်စွဲသွားသော ဖက်ဒဲယားက ယင်းဖလားဆွတ်ခူးနိုင်ခဲ့၍ ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ကျင်းပမည့် မွန်တီကာလိုဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် နိုင်ရန် ယုံကြည်မှုများဖြစ်ခဲ့ရသည်ဟုဆိုသည်။ ယင်းပြိုင်ပွဲကြီးသည် ဂရင်းဆလမ် ပြိုင်ပွဲကြီးတစ်ခုဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ရတနာပုံဈေး ယာယီဆိုင်ခန်းများ မဲစနစ်ဖြင့် နေရာချထား အဆောက်အအုံဟောင်း ပြန်လည်ဖျက်သိမ်းခြင်း လုပ်ငန်းဆောင်ရွက်

မန္တလေး ဧပြီ ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ မတ် ၂၆ရက် ညနေ၃နာရီက ချမ်းအေးသာစံမြို့နယ် ၇၇လမ်းနှင့် ၃၄လမ်းဆုံရှိ ရတနာပုံဈေးယာယီဆိုင်ခန်းပေါ်တွင် ဆိုင်ခန်းများ မဲစနစ်ဖြင့် နေရာချထားခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရတနာပုံဈေး အဆောက်အအုံဟောင်း ပြန်လည်ဖျက်သိမ်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ (ဝဲပုံ)

ရှင်းလင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၇၇လမ်းနှင့် ၃၄လမ်းဆုံရှိ ရတနာပုံဈေး ယာယီဆိုင်ခန်း မဲစနစ်ဖြင့် ဆိုင်ခန်းများ နေရာချထားခြင်းလုပ်ငန်းဆောင်ရွက်နေသည့် နေရာသို့ရောက်ရှိလာရာ ဈေးနှင့်သားသတ်ဌာန ဌာနမှူးဦးလှမြင့်ဆွေနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များက ရတနာပုံဈေး ယာယီဆိုင်ခန်းများကို ဈေးအကျိုးတော်ဆောင်အဖွဲ့မှ ကြီးကြပ်ပြီး အထည်အလိပ်ဆိုင်ခန်း၊ အိုးခွက်ပန်းကန်ပစ္စည်းဆိုင်ခန်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းဆိုင်ခန်း၊ ကုန်စိမ်းနှင့် သားငါးဆိုင်ခန်း စုစုပေါင်း ၁၅၄၈ခန်းကို မဲစနစ်ဖြင့် နေရာချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဈေးအကျိုးတော်ဆောင်အဖွဲ့က ကြီးကြပ်၍ ရတနာပုံဈေးယာယီဆိုင်ခန်းများ မဲစနစ်ဖြင့် နေရာချထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ရတနာပုံဈေး ယာယီဆိုင်ခန်းများ မဲစနစ်ဖြင့် နေရာချထားမှုကို စနစ်တကျ စီမံဆောင်ရွက်ရေးနှင့် ဈေးသူ၊ ဈေးသားများ၏ ဆန္ဒနှင့်ကိုက်ညီအောင် ဈေးအကျိုးတော်ဆောင်အဖွဲ့မှ ဆောင်ရွက်ပေးရေးတို့ကို ဈေးနှင့်သားသတ်ဌာန ဌာနမှူးနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များအား မှာကြားသည်။

စစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံဈေး အဆောက်အအုံအဟောင်း ပြန်လည်ဖျက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၁၁၃)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်လမ်းလယ်ကျွန်းများနှင့် တြိဂံကျွန်းများတွင် ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှဆောင်ရွက်မှုကို မတ် ၁၀ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် မြစ်ကြီးနားမြို့တွင် ကျင်းပ

မြစ်ကြီးနား ဧပြီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ်(၂၀၀၈) အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခေတ္တပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှဌေးက အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ်(၂၀၀၈)နှင့်ပတ်သက်ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေးကဏ္ဍတွင် ပါဝင်သောအချက်များ၊ ကမ္ဘာ့အခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သန့်လေးသန့်စီမံချက်လုပ်ငန်းများ၊ ကျန်းမာရေးဦးစီးဌာန၏ ရည်မှန်းချက်နှင့် လျာထားချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် အောင်ဘာစံပြကျေးရွာလမ်း ကျောက်ချောလမ်း ဆောင်ရွက်ရန်အတွက် စက်ယန္တရားဖြင့် မြေညှိခြင်းလုပ်ငန်းကို မတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းရင် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ တာဝန်ခံဒုတပ်ကြပ် ဦးဇော်တန်နှင့် မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကွတ်ခိုင်မြို့နယ် အားကစားကွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုကို မတ် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ခန္တီး၌ကျင်းပ

ခန္တီး ဧပြီ ၁၁

ခန္တီးမြို့ ပြည်သူ့ဆေးရုံတွင် ကျင်းပသော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက် မွန်းလွဲ ၂နာရီက အဆိုပါ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ရဲမှူးအောင်လွင် တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခေတ္တခရိုင်ကျန်းမာရေးမှူး ဒေါက်တာကျော်သူရက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်အကြောင်းကို လည်းကောင်း၊ သူနာပြုဆရာမကြီး ဒေါ်ဝင်းမြင့်က တီဘီရောဂါကူးစက်ပြန့်ပွားပုံအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါကင်းဝေးရေး ခင်ဦး၌ အသိပညာပေး

ခင်ဦး ဧပြီ ၅

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ခင်ဦးမြို့ ပြည်သူ့ဆေးရုံခန်းမ၌ မတ် ၂၈ရက် နံနက် ၁၀နာရီကကျင်းပရာမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ စမ်းစမ်းမြင့်က တီဘီရောဂါကင်းဝေးရေး အသိပညာပေး ဟောပြောပြီး ကျန်းမာရေးမှူး(၁) ဦးမျိုးမြင့်က တီဘီရောဂါရှာဖွေရေးလုပ်ငန်းနှင့် တီဘီရောဂါပပျောက်ရေး ရှင်းလင်းပြောကြားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်မှဥက္ကဋ္ဌများနှင့်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း၄၀ တက်ရောက်ကြသည်။ (က-ပ)

မကွေးတိုင်း မင်းလှမြို့နယ်၌ ကတ္တရာလမ်းများဖွင့် ငွေကျပ်၈၅သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့

မင်းလှ ဧပြီ ၈

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းများမှ ပြည်တော်သာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လုပ်သားလမ်း ကတ္တရာခင်းခြင်း၊ ကုန်သည်လမ်း ကတ္တရာခင်းခြင်းတို့ကို ငွေကျပ် ၈၅၈၇၅၀၀ဖြင့် ဆောင်ရွက်ခဲ့သည်။

ဖွင့်လှစ်

အဆိုပါလမ်းများကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ယုကြိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်စိုးမိုးနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ငွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ကြို့ပင်ကောက် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၂၃ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးသိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပင် အထက ကျောင်းဆောင်သစ် ပန္နက်ချ

ဟိုပင် ဧပြီ ၈

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ရွှေပြည်သာကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ်သိန်း၇၀၀ အကုန်အကျခံ ဆောက်လုပ်မည့် ကျောင်းဆောင်သစ်ဆောက်လုပ်မှုလုပ်ငန်းအတွက် ပန္နက်ချခြင်းမင်္ဂလာအခမ်းအနားကို မတ် ၆ ရက် နံနက်၇နာရီက ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့မိမြို့ဖ ဦးညီလေးက မင်္ဂလာရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များဖြင့် ပန္နက်ချပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ သာသနာ့ဝိပုလကာရီ သိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင်ဖြစ်သော သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း အမှတ် ၂၂ နေ ဖခင်ဦးအေးရွှေနှင့် သားသမီးသုံးဦးအား ရည်စူး၍ ဒေါ်ရင်ရင် မိသားစုက မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်နှစ်သိန်း ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့၌ သိမ်ဆောက်လုပ်ရေး ငွေလှူဒါန်း

မော်လမြိုင်ကျွန်း ဧပြီ ၁၂

မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု ဖူထီဒလင်းကျေးရွာ ရပ်ရှူမူကြိုသာသနာ့ရိပ်သာ ကျောင်းဝင်းအတွင်း ဆောက်လုပ်မည့် ငွေကျပ်သိန်း ၂၅၀ ကျော်တန် နှစ်ထပ်သိမ်တော်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ရက် မွန်းလွဲ ၂နာရီက ရပ်ရှူမူကြိုသာသနာ့ရိပ်သာ ဘာဝနာဆောင် ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ရှူမူကြိုသာသနာ့ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တက သြဝါဒကထာ မိန့်ကြားတော်မူသည်။

လှူဒါန်း

ထို့နောက် နှစ်ထပ် သိမ်တော်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ထီးတန်းမှ အလှူရှင်များဖြစ်သော ဦးအောင်မင်း-ဒေါ်ကြည်ခင် မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ဦးညွန့်-ဒေါ်တင်မြင့်မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် မော်လမြိုင်ကျွန်းမြို့မှ အလှူရှင်များဖြစ်သော ဒေါ်လှသန်း၊ ဒေါ်ခင်သိန်းနှင့် ဦးညိမ်းတို့က စုပေါင်းအလှူငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ် ၃၅၀၀၀၀ကို လှူဒါန်းကြရာ အလှူရှင် များကိုယ်စား ဦးခင်ဇော်(မန်နေဂျာ-မြန်မာ့ရေနံအရောင်းဆိုင်)က ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့် လက်ခံယူသည်။ **(အပေါ်ပုံ)** (၁၄၂)

ရမည်းသင်း ရန်အောင်မြင်ဘုရား ရွှေထီးနှင့် စိန်ဖူးတော်များတင်လှူ

ရမည်းသင်း ဧပြီ ၁၃

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကျက်သရေဆောင် ရန်အောင်မြင် ဘုရားကြီး၏ ရွှေထီးတော်ကြီးနှင့် အရံစေတီတော်များအား ရွှေထီးတော်များ တင်လှူဆက်ကပ်မှုကို မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ရွှေပေါ်ကျွန်း ဆရာတော်ဦးကုမာရတို့၏ သြဝါဒကိုခံယူပြီး ရွှေပေါ်ကျွန်း ရွှေထီးတော်တင်လှူ ဆက်ကပ်ရေးအဖွဲ့ခေါင်းဆောင် ဦးစိုးမောင်နှင့်အဖွဲ့၊ ရန်အောင်မြင်ဘုရားဂေါပကအဖွဲ့ဝင်များဦးစီးပြီး ဧပြီ ၅ရက် နံနက်က အဆိုပါဘုရားရင်ပြင်တွင် ကျင်းပရာ စိန်ဖူးတော်ကြီးကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့်ဇနီးတို့ကလည်းကောင်း၊ ရွှေထီးတော်များနှင့် စိန်ဖူးတော်များကို ဝန်ထမ်းများက မင်္ဂလာပန်းရထားပျံဖြင့်လည်းကောင်း တင်လှူဆက်ကပ်ကြကြောင်း သိရသည်။ **(၁၆၉)**

မုံရွာခရိုင် ယင်းမာပင်မြို့ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ၁၃၆၉ခုနှစ် ပထမပြန် (ငယ်/လတ်/ကြီး)စာမေးပွဲကို မတ် ၂၄ရက်မှ ၃၁ရက်အထိ ကျင်းပရာ သံဃာတော်အပါး ၅၀ ဝင်ရောက်ဖြေဆိုတော်မူကြစဉ်။

(မြို့နယ် ပြန်/ဆက်)



ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ ရွှေကြာငုံရပ်နေ ဦးမောင်မောင်စိုး-ဒေါ်နုနုရီ၊ သားသမီးတစ်စု (စိန်ရတီ)က လှူဒါန်းငွေကျပ် တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင် ဦးဝင်းထွန်းနှင့် ဦးမြမောင်တို့က ပေးအပ်ရာ ရွှေပါရမီဆောင်ဖြစ်မြောက်ရေးအဖွဲ့နာယက ဦးအောင်ငြိမ်းက လက်ခံယူစဉ်။ (က-ပ)

လမ်းနှင့်တံတားများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

မိုးကောင်း ဧပြီ ၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် လမ်းနှင့်တံတားလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်နှင့် ဝန်ထမ်းများစုပေါင်း၍ မိုးကောင်းမြို့ မြို့ဦး ရပ်ကွက်အတွင်းရှိ အုတ်ခုံခံသစ်သားတံတား ပြန်လည်ပြုပြင်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (၀၀၁)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

မြင်းခြံ ဧပြီ ၁၀

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မန္တလေးတိုင်းကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အဖွဲ့ဝင်ဦးရဲမြင့်အောင်နှင့် မြင်းခြံခရိုင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ မြင်းခြံခရိုင်အတွင်းရှိ ငါးမြို့နယ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို မတ် ၂၄ရက်က မြင်းခြံမြို့ မဏ္ဍာကန္တာ ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မန္တလေးတိုင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင် တိုင်းဥပဒေအရာရှိ ဦးရဲမြင့်အောင်က လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြင်းခြံခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးလှမိုးက ခရိုင်ကော်မရှင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ (၀၈၇)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ထုမြို့ စည် ပင် သာ ယာ ရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးသော မိအပ်ကျေးရွာ ရေပေးရေး ဖွင့်ပွဲကို မတ် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ စည်ပင် သာယာရေး အဖွဲ့မြို့နယ်တာဝန်ခံဦးဟန်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မင်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့၌ ပတ်ဝန်းကျင်သန့်ရှင်းရေး ဟောပြော

ကျွန်းလှ ဧပြီ ၁၂

ရွှေဘိုခရိုင် ကျွန်းလှမြို့တွင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုဟောပြောပွဲကို မတ် ၂၉ရက်က စုပေါင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ငွေက အမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်း သားသမီးကျောင်းသား ကျောင်းသူ၇၉ဦးတို့အား ထောက်ပံ့ငွေကျပ် စုစုပေါင်း ငွေကျပ် ၆၈၄၀၀၀ကို ဖေဖော်ဝါရီ ၁၀ရက်က ဗိုလ်ကြီးမောင်မောင်အေး(ငြိမ်း)က ပေးအပ်စဉ်။ (က-ပ)

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာ အလှူရှင်စက်ရေတွင်း ဖွင့်ပွဲကို မတ် ၂၁ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူ၊ အမှုဆောင်အရာရှိဦးသန့်နိုင်နှင့် ကျေးရွာအဖွဲ့ဝင် ဦးကြွယ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်စည်ပင် မြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

ဖြူး ဧပြီ ၁၁

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် ဦးစီးအရာရှိ ဦးအောင်သန်းတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ်၁၀ရက်က ဖြူးမြို့ တောင်ဘက်လမ်းဘေးဝဲယာ တစ်လျှောက် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ သီလရှင်ဝတ်စုံ၊ စောင်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်

ကျောက်မဲ ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး၏ ဇနီးဒေါ်ခင်သူနှင့်လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များပူးပေါင်း ပါဝင်သော စာသင်တိုက်ရှိ သီလရှင်များအား သီလရှင်ဝတ်စုံ၊ စောင်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၈ရက် မွန်းလွဲပိုင်းက ကျောက်မဲမြို့ အောင်မြေသာယာ သီလရှင်စာသင်တိုက်နှင့် မိုးကောင်းကျောင်း သီလရှင်စာသင်တိုက်တို့၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး၏ ဇနီးဒေါ်ခင်သူက အောင်မြေသာယာစာသင်တိုက်သို့ နဝကမ္မအလှူငွေကျပ်တစ်သိန်း၊ မိုးကောင်းကျောင်းတိုက်သို့ အလှူငွေကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ အသင်းအဖွဲ့များနှင့်စေတနာရှင် အလှူရှင်များက အောင်မြေသာယာစာသင်တိုက်ရှိ သီလရှင်၅၄ပါးနှင့် မိုးကောင်းကျောင်းရှိ သီလရှင် ၁၆ပါးတို့အတွက် သီလရှင်ဝတ်စုံတစ်စုံစီ၊ စောင်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေကျပ် ၁၀၂၆၈၀၀ ရှိကြောင်းသိရသည်။ (က-ပ)

အလှူငွေ ဆက်ကပ်လှူဒါန်း

ဇေယျာဝတီတိုင်း ချောင်းသာကမ်းခြေ ဝေဇယန္တာကျောင်းတိုက်တွင် အနန္တမေတ္တာတိပိဋကဓရကျောင်းဆောင်တော် ဆောက်လုပ်လှူဒါန်းရန် အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၄ရက်က မန္တလေးမြို့ ပုတီးတန်းရပ်ကွက် နေအိမ်၌ ကျင်းပရာ အလှူရှင်ပုတီးတန်းရပ်ကွက်နေ ဦးချိုတူးနှင့်သမီး မငုံဖူးစင်(အနန္တမေတ္တာ ကုန်စည်ပို့ဆောင်ရေး)မိသားစုက မိဘနှစ်ပါးနှင့်ညီ ကိုဖုန်းမြင့်(ခ)ကိုငယ်လေးတို့အား ရည်စူး၍ အလှူငွေကျပ်သိန်း ၁၀၀ကို ဝေဇယန္တာကျောင်းတိုက် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခရီးသွားပြည်သူများ လိုရာခရီးသွားရောက်နိုင်ရန် ကသာခရိုင်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ကသာ ဧပြီ ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင် ဦးဆောင်သောအဖွဲ့သည် ဧပြီ ၁ရက်မှ ၅ရက်အထိ ကသာခရိုင်ရှိ မြို့နယ်များသို့ လှည့်လည်ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ခရီးသွား ပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးသို့ သွားရောက်စေနိုင်ရေး၊ ယာဉ်မတော်တဆ ဖြစ်မှုများ မဖြစ်ပွားစေရေးအတွက် ကသာခရိုင်ရဲတပ်ဖွဲ့ဝင်တို့နှင့်ပူးပေါင်း၍ ကသာမြို့နှင့် ထီးချိုင့်မြို့များတွင် အဝေးပြေးခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ မရှိ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ လုပ်ငန်းလိုင်စင်များနှင့် ယာဉ်ကြံ့ခိုင်မှုအခြေအနေများ စစ်ဆေးကြသည်။ **(ယာပုံ)**

ရှင်းလင်း

ထို့အပြင် ဧပြီ ၅ရက်တွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၈၀ကို ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်သွားလာမှုစည်းကမ်းများ၊ အငှားမော်တော်ယာဉ် စည်းကမ်းများ၊ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များ၊ လမ်းညွှန်အမှတ်အသားနှင့် အချက်ပြများ အကြောင်းကို အကျယ်တဝင့်ရှင်းလင်း နိုင်ရေးအတွက် လက်ကမ်းစာစောင်များ ပြောပြပြီး အန္တရာယ်ကင်းရှင်းစွာမောင်းနှင် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။**(က-ပ)**

မတ် ၂၄ရက်က ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ကျီးသဲမေတ္တာနယ်မြေတွင် တည်ဆောက်လျက်ရှိသော လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်တစ်သိန်းကို ခြံကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တခေမာစာရက ကျောင်းဆောင်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး သတင်းစာနှင့် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်း

တောင်တွင်းကြီး ဧပြီ ၁၆

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတင်းစာများနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၉ရက် မွန်းလွဲ ၂နာရီက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်တွင်းကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်က အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးအောင်မင်းဦးက ငွေကျပ် ၆၇၂၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၁၂၇စောင်နှင့် မြန်မာ့အလင်း သတင်းစာ ၈၈စောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်နေ ဒုတိယရဲမှူးကြီး ဦးတင်အေး(ငြိမ်း)၊ဇနီး ဒေါ်ခင်ခင်ဝင်းတို့ကိုယ်စား မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲရုံး ရုံးအဖွဲ့မှူး ဦးအောင်ကျော်ငြိမ်းက ငွေကျပ် ၃၁၀၅၀တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၈၅စောင်ကိုလည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးနိုင်ဝင်း၊ ဇနီး ဒေါ်အေးအေးနွယ်မိသားစုက ငွေကျပ် ၆၃၀၀ တန်ဖိုးရှိ ဒို့ကျေးရွာ ဂျာနယ် ၄၂စောင်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်ထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းရေး၊ မီးဘေးလုံခြုံရေး၊ ပစ္စည်းများလုံခြုံရေးနှင့် ဈေးရောင်းချမှုများ စနစ်တကျရှိစေရေး စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်၌ အသိပညာပေး ဟောပြော

ဝိုင်းမော် ဧပြီ ၉

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမဆောင်၌ ကြက်ဆူပင်စိုက်ပျိုးရေးနှင့် ဇီဝလောင်စာဆီ အကျိုးကျေးဇူးကို မတ် ၁၇ရက် မွန်းလွဲ ၂နာရီက စာရေးဆရာ ဇွန်မောင်မောင်ကလည်းကောင်း၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းအကြောင်းကို စာရေးဆရာဘုန်းဝေကလည်းကောင်း၊ ရယ်စရာမောစရာ အကြောင်းကို စာရေးဆရာ သန်လျင်မောင်မောင်ဦးတို့ကလည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်နှင့် ရန်ပုံငွေများ မင်းကင်း၌လွှဲပြောင်းလှူဒါန်း

မင်းကင်း ဧပြီ ၁၀

ကလေးခရိုင် မင်းကင်းမြို့နယ်ကြာပင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် မတ် ၂၉ရက်က စာကြည့်တိုက်များ ရေရှည် တည်တံ့ရေး ဟောပြောပွဲနှင့် စာအုပ်စာစောင် ရန်ပုံငွေ လှူဒါန်းပွဲကို ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဟောပြောပြီး ကုမုဒြာ စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးက သုတ၊ ရသစာအုပ် ၅၀၊ ကျေးရွာပြည်သူများက စာအုပ် ၂၀နှင့် အလှူငွေကျပ် ၁၄၂၀၀၀ကိုလှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်ကျော်ကလက်ခံရယူသည်။

လွှဲပြောင်းလှူဒါန်း

ထို့နောက် ကျော်ရွာကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာကျေးရွာပြည်သူများက စာအုပ် ၅၀နှင့်အလှူငွေကျပ် ၉၀၀၀၀ကို သုတအလင်းရောင် စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးက စာကြည့်တိုက်နာယက ဦးဝင်းချိုသို့ လွှဲပြောင်းလှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

စဥ့်ကူး ဧပြီ ၁၃

စဥ့်ကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းကို ဧပြီ ၃ရက် နံနက် ၁၀နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဟောပြောဆွေးနွေး

ဆင့်ပွားသင်တန်းတွင် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသီဂီအောင်က အာဟာရအကြောင်းနှင့် အမျိုးသမီးများနှင့်ကျန်းမာရေး၊ အတွင်းရေးမှူးဒေါ်တင်မြင့်က လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အဖွဲ့ဝင်ဒေါ်မူမူက မြန်မာအမျိုးသမီးများရရှိပြီးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က ခေါင်းဆောင်မှုပညာ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်နုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များကို ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်ရှည်ပင် သာယာလှပရန် ပြုပြင်ဆောင်ရွက်

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြောက်ဘက်မြို့အဝင်ရှိ နှစ်ရှည်ပင်ကြီးများ သပ်ရပ်သာယာလှပမှုရှိရန် ပြုပြင်ဆောင်ရွက်မှုကို ဧပြီ ၄ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီဂီအေးတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

ဧရာဝတီရဲ့ နဝရတ်လည်ဆွဲရတနာ (သို့မဟုတ်) ဧရာဝတီတံတား (ရတနာပုံ)

ရန်ကုန် ဧပြီ ၂၁

သတင်းဆောင်းပါး - ရွှေလင်းအောင်
ဓာတ်ပုံ - မြန်မာ့သတင်းစဉ်

ဧရာဝတီတံတား(ရတနာပုံ)ကို ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၁ရက်နေ့က မန္တလေးတိုင်း အမရပူရမြို့မှာ အောင်မြင်စွာဖွင့်လှစ်ခဲ့ပါပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဂုဏ်ကျက်သရေဆောင်၊ အာရှတိုက်ရဲ့ အလှရတနာတစ်ပါးဖြစ်တဲ့ မြစ်မင်းဧရာဝတီရဲ့ရင်ခွင်မှာ လည်ဆွဲရတနာတစ်ကုံး ထပ်မံဆင်မြန်းလိုက်တာပဲလို့ မြင်ပါတယ်။

ဧရာဝတီလို့ဆိုလိုက်တာနဲ့ မြန်မာနိုင်ငံတော်အတွင်း မြောက်မှတောင် အဆုံး စီးဆင်းနေတဲ့ ကိုယ်ပိုင်မြစ်ကြီးရဲ့အလှအပတွေနဲ့ မြန်မာတိုင်းရင်းသားတွေအတွက် အစဉ်အမြဲဂုဏ်ယူနေရမယ့် သမိုင်းအမွေအနှစ်တွေကို ထပ်တူမြင်ယောင်လာနိုင်ပါတယ်။ နှင်းတွေဖုံးနေတဲ့ မြောက်ဖျား မနောမြေက မေခနဲ့ မလိခ မြစ်နှစ်သွယ်ပေါင်းဆုံပြီး ခေတ်အဆက်ဆက် သမိုင်းဝင်မြန်မာမြို့တော်တွေကို ဖြတ်သန်းသွားခဲ့တဲ့ မြစ်မင်းဧရာဝတီဟာ တောင်ဘက်ဖျားမှာ အဖိုးတန်မြန်မာ့စပါးကျီ မြစ်ဝကျွန်းပေါ်ဒေသကို တည်ဆောက်ပေးပြီးမှ ပင်လယ်တွင်းကို ညင်သာစွာ စီးဝင်သွားခဲ့တာ ဖြစ်ပါတယ်။

သမိုင်းကြောင်း

မြန်မာနိုင်ငံရယ်လို့ ဖြစ်တည်ခဲ့တဲ့ မြန်မာ့သမိုင်းကြောင်းနဲ့ ဧရာဝတီဟာ ဘယ်အခါမှ ခွဲခြားလို့မရတာလည်း အမှန်ပါ။ ဧရာဝတီဟာ မြန်မာတွေရဲ့ မြို့ပြနိုင်ငံမှသည် လက်နက်နိုင်ငံတော် (အင်ပါယာ)အထိ ထူထောင်နိုင်ခဲ့တာတွေကို ကြုံတွေ့ခဲ့ပြီးဖြစ်သလို ဂေါဝိန်ဆိပ်ကမ်းက သမိုင်းရဲ့အမှောင်ရက်တွေမှာ တိုင်းတစ်ပါးလက်အောက် ရေတိမ်နစ် ကျရောက်ခဲ့ရတာကိုလည်း ရင်ဆိုင်ခဲ့ပြီးပါပြီ။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားညီနောင်များဟာ အသက် သွေးချွေးပေါင်းများစွာကို ရင်းနှီးပေးဆပ်ခဲ့ရပါတယ်။ ဒီလိုပေးဆပ်ခဲ့တဲ့ တိုင်းရင်းသားမျိုးချစ်တွေရဲ့ သွေးနဲ့ရေးတဲ့ သမိုင်းမော်ကွန်းတွေကိုလည်း ဧရာဝတီမြစ်ဖျားမှသည် တောင်ဘက်စွန်းအထိ နေရာတိုင်းမှာ ဧရာဝတီရေစီးသံနဲ့အတူ ကြားယောင်နိုင်မှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့ ။